www.burmeseclassic.com

# ရပိုင်ခွင့်



BURMESE CLASSIC

ဓမ္မဒူတဆရာတော်ကြီး

တပည့်

ဓမ္မဒူတ အရှင်ဆေကိန္ဒ

ဓမ္မဒူတ အရှင်ဆေကိန္ဒ ၏ ရပိုင်ခွင့်

www.burmeseclassic.com

www.burmeseclassic.com

လူတိုင်း လူတိုင်း

ကိုယ်စီ ကိုယ်ငှ

ရပိုင်ခွင့်တွေ

ရှိကြပါတယ်။

ကိုယ့်ရပိုင်ခွင့်နဲ့ကိုယ်

မကျေနပ်ရင်

သူတစ်ပါးရဲ့

ရပိုင်ခွင့်ကို

မက်မောနေရင်

စိတ်ချမ်းသာမှု

မဖြစ်နိုင်ပါဘူး၊

ရပိုင်ခွင့်ကို

သိစေချင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



# ရပိုင်ခွင့်

BURMESE CLASSIC

သာသနာတော်နှစ် ၂၅၄၄-ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၆၂-ခုနှစ်၊ ဥတုဟေမန္တ ဆောင်းဥတု ဆောင်းတွင်းကာလ ပြာသိုလပြည့်ကျော် (၆) ရက်၊ သက္ကရာဇ် ၂၀၀၁-ခုနှစ်၊ ဇန္နဝါရီလ (၁၄) ရက်နေ့၊ တနင်္ဂနွေနေ့၊ ညတွင် မန္တလေးတိုင်း၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာရပ်ကွက်၊ ၁၇-လမ်း၊ ခိုင်ရွှေဝါလမ်းဒေါင့်၊ ကန်သာဦး ဓမ္မာရုံတော်မြတ်ကြီးအတွင်း၌ ဆင်ယင်ကျင်းပပြုလုပ်အပ်သော မန္တလေးမြို့၊ ၁၈-လမ်း၊ အမှတ် (၁၄၉) ဦးမောင်ကြီး၊ ဒေါ်ခင်လတ် မိသားစု၊ ကန်သာဦး

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မာရုံဂေါပကအဖွဲ့သူ အဖွဲ့သားများနှင့် တရားကို ချစ်ခင်၊ တရားကို နှစ်သက်၊ တရားနဲ့မွေ့လျော်၊ တရားနဲ့ ပျော်၊ တရားကို မြတ်နိုးကြကုန်သော ဓမ္မမိတ်ဆွေ သူတော်ကောင်း အပေါင်းတို့ စုပေါင်း၍ ဆင်ယင်ကျင်းပပြုလုပ်အပ်သော အမတဒါန အမြိုက်နိဗ္ဗာန်အလှူ၊ ဓမ္မဒါန-တရားအလှူပွဲကြီး၌ ဟောကြားအပ်သော ခုဒ္ဒကနိကာယ် ဓမ္မပဒပါဠိ အဋ္ဌကထာ ဘိက္ခုဝဂ်၌ လာသော ဝတ္ထုကို တန်ဆာဆင်၍ ဟောကြားအပ်သော ရပိုင်ခွင့်ကို သိစမ်းပါ တရားတော်တဲ့၊ ဘာတရားတော်ပါလိမ့်။ (ရပိုင်ခွင့်ကို သိစမ်းပါတရားတော်ဘုရား)။

ဦးပဉ္စင်းတို့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ တရားတော်တွေက ဘယ်တရားတော်ကိုပဲ နာရနာရ၊ ဘယ်တရားတော်ကိုပဲ သိရ သိရ၊ ဘယ်တရားတော်ကိုပဲ အားထုတ်ရအားထုတ်ရ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေတယ်၊ ကိုယ်စိတ်

www.burmeseclassic.com



နှစ်ဖြာ ချမ်းသာရုံတင်မကသေးဘူး၊ ကောင်းကျိုးအမျိုးမျိုးတွေကိုလည်း ရစေတယ်။

ကနေ့ ဦးပဥ္စင်းတို့ ဟောမဲ့တရားက မိမိတို့တစ်တွေအတွက် ဘာဖြစ်လို့ ချမ်းသာသုခ မရကြတာလဲ၊ ဘာဖြစ်လို့တည်ကြည်မှု သမာဓိ မရကြတာလဲ၊ ဘာလို့ ကိုယ့်ကိုကိုယ် ကျေကျေနပ်နပ်နဲ့ အမြဲစိတ်ချမ်းချမ်းသာသာ မနေနိုင်တာလဲ ဆိုတာကို သိစေချင်လို့ ဒီတရားကို ဟောပေးမယ်လို့ ခုပဲ နှလုံးသွင်းပြီး ဟောလိုက်တာ။

BURMESE CLASSIC

ဒီတရားတော်က အစိန္တေယျ သုံးလောကထွတ်ထား သဗ္ဗညု ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူခဲ့တဲ့ တရားတော်ဖြစ်လေသောကြောင့် တရားပိုင်ရှင်အစစ်ဖြစ်တော်မူသော အစိန္တေယျ သုံးလောကထွတ်ထား သဗ္ဗညုတ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ဂုဏ်တော် ပုံတော်တွေ အာရုံပြုပြီးတော့ လက်အုပ်ချီမိုး ရှိခိုးကြပါအံ့စို့။

www.burmeseclassic.com

www.burmeseclassic.com



တိ ပဥ္စ ဒသ ကာသိုံသော၊
ဒွေ စတ္တာရော နဝေကံသာ။
ရူပေ ဃောသေ လူခေ ဓမ္မေ၊
ပသန္နာ တေ ဟိ ယေ နမေ။

တိအံသေ-စည်းဝေးမိသူ နတ်လူပြဟ္မာ သတ္တဝါတို့ကို သင်္ချာခွဲမူ သုံးစသုံးပုံပြုလိုက်သည် ရှိသော်။ ဒွေ အံသာ-နှစ်စုနှစ်ပုံကုန်သော၊ ယေ-အကြင်လူရောနတ်ပါ သတ္တဝါဟူသမျှတို့သည်၊ ရူပေ-ရုပ်ရည်အဆင်း လှပခြင်း၌၊ ပသန္နာ-သဒ္ဓါရွှန်းစို ကြည်ညိုလည်း ကြည်ညိုတတ်ကြ ပါပေကုန်၏။ ပဥ္စအံသေ-စည်းဝေးမိသူ နတ် လူပြဟ္မာ သတ္တဝါတို့ကို သင်္ချာ-ခွဲမူ ငါးစုငါးပုံ ပြုလိုက်သည် ရှိသော်၊ စတ္တာရော အံသာ-လေးစုလေးပုံကုန်သော၊ ယေ-အကြင်လူရော နတ်ပါ သတ္တဝါဟူသမျှတို့သည်၊ ဃောသေ-ကျော်စောသတင်း နာမည်ကြီး အသံကောင်းခြင်း၌၊ ပသန္နာ-သဒ္ဓါရွှန်းစို ကြည်ညိုလည်း ကြည်ညိုတတ်ကြပါပေကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒသ အံသေ–စည်းဝေးမိသူ နတ်လူပြဟ္မာ သတ္တဝါတို့ကို သချ်ာခွဲမှု ဆယ်စုဆယ်ပုံ ပြု လိုက်သည့်ရှိသော်။ နဝ အံသာ–ကိုးစုကိုးပုံကုန် သော၊ ယေ–အကြင်လူရောနတ်ပါ သတ္တဝါ ဟူသမျှတို့သည်၊ လူခေ–ပစ္စည်းလေးဖြာ ခေါင်း ပါးစွာ ကျင့်ခြင်း၌၊ ပသန္နာ–သဒ္ဓါရွှန်းစို ကြည်ညို လည်း ကြည်ညိုတတ်ကြပါပေကုန်၏။

ကာသျံသေ–စည်းဝေးမိသူ နတ်လူပြဟ္မာ သတ္တဝါတို့ကို သချ်ာခွဲမှု တစ်သိန်းစု တစ်သိန်း ပုံပြုလိုက်သည့်ရှိသော်။ ဧကော အံသာ–တစ်စု တစ်ပုံကုန်သော၊ ယေ–အကြင်လူရောနတ်ပါ သတ္တဝါဟူသမျှတို့သည်၊ ဓမ္မေ–သီလ သမာဓိ ပညာ တည်းဟူသော ဂုဏ်တရား၌၊ ပသန္နာ– သဒ္ဓါရွှန်းစို ကြည်ညိုလည်း ကြည်ညိုတတ်ကြပါ ပေကုန်၏။

BURMESE CLASSIC

တေ ဟိ–ထိုရူပပမာဏပုဂ္ဂိုလ် ဃောသ ပမာဏပုဂ္ဂိုလ် လူခပမာဏပုဂ္ဂိုလ် ဓမ္မပမာဏ ပုဂ္ဂိုလ်လေးမျိုးတို့သည်။ တေ ဟိ–သုံးပုံ တစ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



ရုပ်အဆင်းကို ကြည်ညိုကြကုန်သော ပုဂ္ဂိုလ် တို့သည်, ငါးပုံပုံလေးပုံ အသံကောင်းခြင်းကို ဂုဏ်သတင်း ကျော်စောခြင်းကို ကြည်ညိုကြကုန် သော ပုဂ္ဂိုလ်တို့သည်, ဆယ်ပုံပုံကိုးပုံ ပစ္စည်း လေးဖြာ ခေါင်းပါးစွာ ကျင့်ခြင်းကို ကြည်ညိုကြ ကုန်သော ပုဂ္ဂိုလ်တို့သည်, တစ်သိန်းပုံလျှင် တစ်ပုံသာရှိသော သီလ သမာဓိ ပညာ ဓမ္မ တရားအစစ်ကို ကြည်ညိုကြကုန်သော ပုဂ္ဂိုလ်တို့ သည်၊ ပသန္နေတဗ္ဗာ-ကြည်ညိုလည်း ကြည်ညို အပ်ကုန်သော ထိုအစိန္တေယျ လေးပါးဆိုတဲ့ ဂုဏ်တော်တရားတို့သည်၊ သန္တိ-ဘုရားရှင်၏ သန္တာန်တော်၌ ထင်ရှားမသေွ ဉာဏ်အမြင် အားဖြင့် ရှိ၍နေပါပေ၏။ တံ ဗုဒ္ဓံ-ထိုအစိန္တေယျ လေးပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို၊ အဟံ-သူတော်သူမြတ် လူနှင့်နတ်တို့ ကျေနပ် ရန်မျှော် တရားဟောမည့် ဘုရားတပည့် တော်သည်၊ မယံ-သူတော်သူမြတ် လူနှင့်နတ်တို့ ကျေနပ်ရန်မျှော် တရားဟော တရားနာကြမည့်

www.burmeseclassic.com



ဘုရားတပည့်တော်တို့သည်၊ နမေ နမာမ–
မင်္ဂလာစရဏ လက်ဦးစဉ်၌ ကြည်စွာကော်ရော်
ပူဇော်မြတ်နိုး လက်အုပ်မိုး၍ ရှိခိုးဦး ညွတ်ကြပါ
ကုန်၏ အရှင်ဘုရား။

ဣမိနာ ဗုဒ္ဓပဏာမေန– ဤသို့ ဘုရား
ရှင်အား ရှိခိုးရကြောင်း ဖြစ်သော ပဏာမ
ကုသိုလ်ကံစေတနာကြောင့်၊ မေ–မအောင်
သေးခင် အောင် ကြွေးတင်၍ အောင်မြင်ရန်မျှော်
တရားဟောမည့် ဘုရားတပည့်တော်အား၊ နော
အမှာကံ–မအောင်သေးခင် အောင်ကြွေးတင်၍
အောင်မြင်ရန်ကျော်ကြား တရားဟော တရားနာ
ကြမည့် ဘုရားတပည့်တော်တို့အား၊ ဇယ
မင်္ဂလံ–တွင်းပနှစ်တန် ရန်မာန်အပေါင်း အောင်
ကြောင်းအောင်ရာ အောင်မင်္ဂလာသည်၊ အတ္ထု
ဘဝတု–မြေကြီးလက်ခပ် မလွဲလတ်သို့ ဆတ်
ဆတ်မသွေ အမှန်ပင်ဖြစ်ပါစေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



သလာဘံ နာတိမညေယျ၊
နာ'ညေသံ ပိဟယံ စရေ၊
အညေသံ ပိဟယံ ဘိက္ခု၊
သမာဓိံ နာဓိဂစ္ဆတိ။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟော ဒီဝတ္ထုတော်ကြီးမှာ ဒီဂါထာလေးနဲ့ ဆုံးမပါတယ်။ ကနေ့ ဦးပဉ္စင်းတို့ ဟောလို နားလိုကြတဲ့ တရားက "ရပိုင်ခွင့်"ကို သိစမ်းပါတဲ့၊ ဘာ တရားတဲ့၊ "ရပိုင်ခွင့်"ကို သိစမ်းတရားပါဘုရား။ အဲဒီတရားကို သေသေချာချာ မိမိတို့ အာရုံပြု၊ အေးအေးဆေးဆေး ချမ်းချမ်းသာသာနဲ့ တရားကို နာကြားကြစေချင်ပါတယ်။

လောကကြီးမှာ နေကြတဲ့သူတွေဟာ ရပိုင်ခွင့်ကို မသိကြရင် တော်တော်ဒုက္ခ ရောက် ကြရပါတယ်။ ရပိုင်ခွင့်ဆိုတာ ဘာလဲလို့ ဆိုတာကို နားလည်အောင် ပြောပြပါမယ်။

www.burmeseclassic.com

www.burmeseclassic.com



သလာဘံ နာဓိဂစ္ဆတိ၊

နာ’ညဿ ပိဟယံ စရေ။

အညေသံ ပိဟယံ ဘိက္ခု၊

သမာဓိံ နာဓိဂစ္ဆတိ။

သော ပုဂ္ဂလော–ထိုပုဂ္ဂိုလ်သည်၊ သော ပုဂ္ဂလော–ထိုလူရော နတ်ပါ သတ္တဝါ ဟူသမျှ သည်၊ သမာဓိံ–သမာဓိဆိုတဲ့ တရားကို၊ နာဓိဂစ္ဆတိ–မရနိုင်။ သမာဓိမရနိုင်ဘူးတဲ့။ ဘာ မရနိုင်သလဲ၊ (သမာဓိ မရနိုင်ပါဘုရား)။

သမာဓိဆိုတာ တည်ကြည်တာတဲ့၊ သမာဓိ ဆိုတာ (တည်ကြည်တာပါဘုရား)၊ တည်ကြည် တာကို ပြောရင် ကြည်တာကို အရင်စပြောမယ်။ ကိုယ့်စိတ်ကလေးမှာ ကြည်နေရင် ဘာရှိနေလဲ၊ သမာဓိ၊ နောက်နေရင် သမာဓိမရှိဘူးတဲ့၊ ကြည် တယ် ကြည်တယ် ဆိုတာက စိတ်ချမ်းသာမှ ကြည်တာလား၊ စိတ်ရှုပ်မှ ကြည်တာလား (စိတ်

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာမှု ကြည်တာပါဘုရား)၊ အဲဒီကြည်တာ ဟာ သမာဓိရှိနေတဲ့သဘောပါ။

အဲဒီသမာဓိ ဆိုတာက တည်လဲ တည်ပါ တယ်၊ ကြည်လဲ ကြည်ပါတယ်၊ တစ်ခါတလေ ကိုယ်စဉ်းစားချင်တာလေးတွေ၊ ကိုယ်တွေး ချင်တာလေးတွေ အကြောင်းတစ်ခု ပေါ်လို့ အရေးတကြီးနဲ့ စဉ်းစားပြီး ပြန်အမှတ်ရပုံ ဖေါ်ရတော့မယ်ဆိုရင် တွေးလိုက်တယ်၊ တစ်ခါ တစ်လေ ချက်ချင်းမပေါ်ဘူး။ ချက်ချင်းပေါ် သလား၊ (မပေါ်ပါဘူးဘုရား)။

အမလေး ဟိုဟာတဲ့၊ ဘယ်သူတဲ့၊ ဘယ် ဟာ ဆိုဖြီးတော့ အမလေး စဉ်းစားနေလိုက်တာ တော်ရုံနဲ့မပေါ်ဘူး။ ချက်ချင်း ဒက်ကနဲ့ ဒက်ကနဲ့ ကိုယ့်စဉ်းစားတဲ့အာရုံလေး ဒက်ကနဲ့ ပေါ်လာနိုင် တာသည်။ အဲဒီအာရုံလေးနဲ့ စိတ်နဲ့ တည်သွား တာ။ ဒီစိတ်က ဒီအာရုံနှင့်ဆိုပြီး တည်သွား တာပါ။ အဲဒီတည်စေတဲ့ ဓာတ်သဘောကို သမာဓိလို့ ခေါ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စဉ်းစားချင်တဲ့ အကြောင်းလေး ကိုယ်ပြန်ပြီးတော့ ပုံဖော်ချင်တဲ့ အကြောင်းရင်းကို ထပ်ကနဲ့ထပ်ကနဲ့ ပေါ်လာတာရယ်၊ စဉ်းစားလို့ မရတာရယ်၊ ဘယ်ဟာ ကောင်းတုန်းဆိုရင် သမာဓိကောင်းရင် ထပ်ကနဲ့ ထပ်ကနဲ့ကို ပေါ်လာရမှာ။

စာမေးပွဲဖြေတဲ့ ကလေးတွေဆို သိတယ် ပေါ့။ ကိုယ့်ကျက်ထားတဲ့ စာတွေက အများကြီး၊ မေးခွန်းတွေ့လိုက်တာနဲ့၊ ဖတ်ကနဲ့ဆို ပေါ်တယ်။ သမာဓိရှိလား၊ မရှိဘူးလား၊ (ရှိပါတယ်ဘုရား)၊ အဲဒါ သမာဓိရှိတာ၊ ကိုယ်ကျက်ထားတဲ့စာ မေ့သွားရင် စဉ်းစားတဲ့အခါ မပေါ်ရင် သမာဓိ မရှိဘူးတဲ့။

ရောင်းရေး ဝယ်ရေး စီးပွားရေးမှာလဲပဲ ကိုယ့်အကြောင်းဆုံလို့ စဉ်းစားလိုက်ရင် ဒက်ကနဲ့ ဒက်ကနဲ့ အဲဒီစဉ်းစားတဲ့ အာရုံလေး ပေါ်လာ ပြီးတော့ စိတ်နဲ့တည်တယ်။ အဲဒီလို စိတ်နဲ့ တည်တဲ့အခါမှာ စိတ်ကလေးက ကြည်နေ

www.burmeseclassic.com

www.burmeseclassic.com



လို့သာ တည်နိုင်တယ်။ စိတ်နဲ့အာရုံဆို ဒီအာရုံမှာ စိတ်ကလည်း တည်နေလို့သာ ကြည်ပါတယ်။ အဲဒါကို တည်ကြည်တဲ့ သမာဓိလို့ ခေါ်ပါတယ်။ ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)။

သမာဓိဆိုတာ တည်ကြည်တာ၊ တည်ငြိမ်တာ မဟုတ်ဘူးတဲ့၊ ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)၊ လူတွေထင် နေတာက တည်ငြိမ်တာကို သမာဓိထင်နေတာ၊ အမလေး တရားအားထုတ်ရင် ငြိမ်နေလိုက်တာဟေ့၊ ကိုယ်ကောင်ကြီးကိုက မလှုပ်ဘူး၊ သမာဓိကောင်းလိုက်တာတဲ့၊ အဲဒါကို သိစေချင်ပါတယ်။

သမာဓိနဲ့ပတ်သက်ပြီး ကိုယ်ကောင်ကြီး ငြိမ်တာက သမာဓိလား၊ စိတ်ငြိမ်တာက သမာဓိလား၊ (စိတ်ငြိမ်တာက သမာဓိပါဘုရား)၊ ဟင်း–ဟုတ်ရဲ့လား၊ တစ်ချို့က ကိုယ်ကောင်ကြီး ငြိမ်တာ သမာဓိလို့ ပြောနေကြပါလား၊ သမာဓိ ရှိချင်တော့ ကိုယ်ကောင်ကြီး မငြိမ်ရင် ငြိမ်အောင် လုပ်နေကြတယ်။ ထိုင်ရင် လုံးဝမလှုပ်အောင်

www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေကြတယ်။ မလှုပ်မှ သမာဓိတဲ့၊ ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)၊ ဟော-ဟုတ်ပါတယ်တဲ့။ သူတို့လည်း သမာဓိရအောင် ကိုယ်ကောင်ကြီးကို ငြိမ်အောင် လုပ်ခဲ့တယ်နဲ့တူပါတယ်၊ (မှန်လှပါဘုရား)။

သမာဓိရှိအောင် ထိုင်တဲ့အခါ မလှုပ်အောင် ထိုင်နေကြတယ်၊ ဟော-လမ်းလျှောက်ပြန်ရင်လည်း သမာဓိရှိအောင် မလှုပ်ရဲကြပြန်ဘူး။ မလှုပ်ရဲကြဘူးဆိုပေမဲ့ လမ်းလျှောက်တာက ငြိမ်လို့မှ မရဘဲ လမ်းလျှောက်နေရတာ၊ သွားနေရတာကိုး၊ အဲဒီတော့ ငြိမ်မရတော့ ငြိမ်ငြိမ်သွားတယ်၊ တဖြည်းဖြည်း သွားတယ်၊ လှုပ်လှုပ်၊ လှုပ်လှုပ် သွားတယ်ဖြစ်ကရော၊ အဲဒီလို လှုပ်လှုပ်လှုပ် လှုပ်သွားတာကိုမှ သမာဓိလို့ ခေါ်နေကြတယ်လေ။ အဲဒါ မဟုတ်ဘူး။

သမာဓိဆိုတာ တည်ကြည်တာကို ခေါ်ပါတယ်၊ ငြိမ်တာက သက်သက်ပဲ၊ မိမိတို့ စီးပွားရေး၊ ကြီးပွားရေး၊ လူမှုရေး၊ တရားအရေး တွေ ဆောင်ရွက်ရန် သမာဓိဆိုတာ လိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သမာဓိဆိုတာ တည်ကြည်တာတဲ့၊ တည်ငြိမ်တာ မဟုတ်ဘူးတဲ့၊ ဟုတ်လား၊ (မှန်လှပါဘုရား) လူတွေ ထင်နေတာက တည်ငြိမ်တာကို သမာဓိ ထင်နေတာ။ အမလေး တရားအားထုတ်ရင် ငြိမ်နေလိုက်တာဟော့၊ မလှုပ်ဘူး၊ သမာဓိကောင်း လိုက်တာတဲ့၊ အဲဒါမဟုတ်ဘူး။

စာမေးပွဲဖြေတဲ့ကလေးသူငယ် ကျောင်းသူ ကျောင်းသားတွေလဲပဲ သမာဓိဆိုတာ လိုပါ တယ်။ (လိုပါတယ်ဘုရား)၊ ရောင်းရေး ဝယ်ရေး ဆောင်ရွက်တဲ့သူလဲ သမာဓိလိုတာပဲ၊ (လိုပါ တယ်ဘုရား)၊ ဆွေရေးမျိုးရေး လူမှုရေး ဘယ် အရေးပဲဖြစ်ဖြစ် သမာဓိလိုပါတယ်။ တရား အရေးမှာလဲ သမာဓိဆိုတာ လိုပါတယ်၊ (မှန် လှပါဘုရား)။

သလာဘံ နာတိမညေယျ၊
နာ'ညေသံ ပိဟယံ စရေ၊
အညေသံ ပိဟယံ ဘိက္ခု၊
သမာဓိံ နာဓိဂစ္ဆတိ။

www.burmeseclassic.com

www.burmeseclassic.com



သော–ထိုပုဂ္ဂိုလ်သည်၊ သမာဓိံ–သမာဓိကို၊ နာဓိဂစ္ဆတိ–မရနိုင်။ ဘာလို့မရ၊ ဘာလို့မရနိုင်သလဲ ပြောရင် ဟောဒီမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မြှုပ်ကွက်ကလေးနဲ့ ဟောတော်မူပါတယ်။ ဉာဏ်နဲ့ဖော်ကြည့်ရမှာပေါ့လေ။

တခြားပါဠိတော်ကြီးတွေကို ထောက်ကြည့်လို့ ရှိရင် 'စိတ်မချမ်းသာရင် သမာဓိမဖြစ်ဘူး'၊ 'စိတ်မချမ်းသာရင် သမာဓိမဖြစ်ဘူး'တဲ့။ ဒါဖြင့် သမာဓိမဖြစ်ပါဘူးဆိုကတည်းက ဒီလူ ဘာဖြစ်နေလို့လဲ၊ (စိတ်မချမ်းသာလို့ပါဘုရား)။

လူပုဂ္ဂိုလ်တွေလဲ စိတ်မချမ်းသာရင် သမာဓိ မရနိုင်၊ ရဟန်းပုဂ္ဂိုလ်တွေလဲ စိတ်မချမ်းသာရင် သမာဓိ မရနိုင်၊ နတ်ပြဟ္မာတွေလဲ စိတ်မချမ်းသာရင် သမာဓိမရနိုင်၊ သမာဓိရချင်တယ်၊ တည်ကြည်မှု ရချင်တယ်ဆိုရင် စိတ်ချမ်းသာရမယ်။

လူပုဂ္ဂိုလ်တွေကို ခွဲပြောရရင် ကျောင်းသူကျောင်းသား စျေးသူစျေးသား ရုံးသူရုံးသား

www.burmeseclassic.com

www.burmeseclassic.com



တရားသမားတွေပဲ တည်ကြည်မှု သမာဓိရချင်တယ်ဆိုရင် စိတ်ချမ်းသာမှု ရှိရပါမယ်၊ (မှန်ပါဘုရား)။

စိတ်ချမ်းသာ ရဖို့အတွက် ဘာတွေ လိုသလဲ ကြည့်၊ နည်းနည်းတော့ မေးကြည့်ရမှာပေါ့လေ။ စိတ်ချမ်းသာတာရယ်၊ စိတ်ဆင်းရဲတာရယ်၊ ဘယ်နှစ်မျိုးရှိ၊ (နှစ်မျိုးရှိပါတယ်ဘုရား)၊ ဘယ်ဟာအဖြစ်များ (စိတ်ဆင်းရဲတာအဖြစ်များပါတယ်ဘုရား)၊ ဘာတွေအဖြစ် များသလဲ၊ (စိတ်ဆင်းရဲတာတွေ အဖြစ်များပါတယ်ဘုရား)။

တစ်နေ့ကုန်လုံးမှာ တစ်နာရီလောက်ရော စိတ်မချမ်းသာဘူးလား၊ (ချမ်းသာပါတယ်ဘုရား)၊ ဘာဖြစ်လို့၊ ဘာလုပ်နေလို့ ချမ်းသာတုံး၊ ဗီဒီယိုကြည့်နေရလို့လား၊ (မဟုတ်ပါဘုရား)။

မနေ့ကလဲ ပြောခဲ့ပြီးပြီနော်၊ စိတ်ချမ်းသာမှုကို ဘာနဲ့မှ ရောင်းမစားနဲ့၊ ဒါကိုတစ်ဖန်မနေ့က ပြောတာနဲ့တူတယ်။ စိတ်ချမ်းသာမှုဟာ

www.burmeseclassic.com

www.burmeseclassic.com



တကယ်တန်ဖိုးကြီးတာ၊ တန်ဖိုးကြီးတဲ့ စိတ်ချမ်းသာမှုကလေး ဆိုတာ မိမိစိတ်မှာ ဖြစ်နေရတယ်၊ ရှိနေရတယ်။

အခုကြည့်လေ၊ ဟောဒီ လူ့ပြည်ကို ရောက်လာတယ်၊ ရောက်လာတယ်ဆိုတာ ဘယ်အတွက်လဲ မေးရင် စိတ်ချမ်းသာအောင် နေဖို့ ရောက်လာတယ်ပေါ့ ဟုတ်သလား၊ (ဟုတ်ပါတယ်ဘုရား)။ စိတ်ချမ်းသာတယ်ဆိုတာ တခြားမထင်နဲ့၊ ကုသိုလ်စိတ် ဖြစ်နေတာပါ၊ ကုသိုလ်စိတ်ဖြစ်ရင် စိတ်ချမ်းသာနေတာကိုး၊ ချမ်းသာတယ်ဆိုတာ ဘာဖြစ်တာလဲ၊ (ကုသိုလ်စိတ်ဖြစ်တာပါဘုရား) ကုသိုလ်ကသာလျှင် စိတ်ချမ်းသာမှုပေးတယ်၊ စိတ်ချမ်းသာမှု အကျိုးရနေရင် ဘာစိတ်ဖြစ်နေလဲ၊ (ကုသိုလ်စိတ်ဖြစ်နေပါတယ်ဘုရား)။

ကုသိုလ်စိတ်ဖြစ်ရင် စိတ်ချမ်းသာတယ် ဆိုတော့ စိတ်ဆင်းရဲရင် ရော (အကုသိုလ်စိတ် ဖြစ်နေပါတယ်ဘုရား)၊ တစ်နေ့ တစ်နေ့

www.burmeseclassic.com

www.burmeseclassic.com



ဘာအဖြစ်များနေသလဲ၊ (အကုသိုလ်အဖြစ် များနေပါတယ်ဘုရား)၊ ဟုတ်လား၊ ဘယ်သူနဲ့ အဆင်မပြေလို့၊ ဘယ်သူနဲ့ ရန်ဖြစ်နေလို့ အကုသိုလ်ဖြစ်တာလဲ၊ ပြောစမ်းပါအုံး၊ သူများနဲ့ ရန်ဖြစ်လို့ အကုသိုလ်အဖြစ် များတာလား၊ ကိုယ့်ဟာကိုယ်ကို အကုသိုလ် များနေတာလား၊ (ကိုယ့်ဟာကိုယ်ကို အကုသိုလ်အဖြစ် များနေပါတယ်ဘုရား)၊ အော်-ဟုတ်လား၊ ဒီလိုဆိုရင် တော့လည်း တရားဟောပေးဖို့ မလွယ်တော့ ဘူးနဲ့ တူပါတယ်၊ (လွယ်ပါတယ်ဘုရား၊ ဟော သာပေးပါဘုရား)။

ကဲ-တရားဟောပေးပါဆိုရင်လဲ ဟောပေး ပါမယ်၊ အမေးနဲ့မေးရင်း ဟောပေးတာပေါ့။ အမှန်အတိုင်း ဖြေနော်၊ ကဲ-မေးမယ်၊ အခု တရားနာနေတဲ့သူတွေက အကုသိုလ်ကို ကြိုက် တာလား၊ ကုသိုလ်ကြိုက်တာလား၊ (ကုသိုလ် ကြိုက်တာပါဘုရား)၊ ကြိုက်တာက ကုသိုလ် တရား၊ ကဲ-ဟုတ်ပြီ၊ အခု တရားနာနေတဲ့သူ

www.burmeseclassic.com

www.burmeseclassic.com



တွေက အကုသိုလ်ကို ကြောက်တာလား၊ ကုသိုလ်ကို ကြောက်တာလား၊ (အကုသိုလ်ကို ကြောက်တာပါ ဘုရား)၊ ကြောက်တာက (အကုသိုလ်ပါဘုရား)၊ ကြိုက်တာက (ကုသိုလ်ပါ ဘုရား)၊ အေး နည်းနည်းများ လွဲနေသလား၊ ပြန်ပြန်စဉ်းစားကြည့်ပေးကြပါဦး။ ကြောက်ရမှာက (အကုသိုလ်ပါဘုရား)၊ ကြိုက်ရမှာက (ကုသိုလ်ပါဘုရား)၊ အခုမေးတာ တင်ကို လွဲများလွဲနေသလား မသိဘူးနော်။ အမေးလွဲတာလား၊ ညာဖြေလို့ လွဲမှားနေတာလား၊ သေချာစဉ်းစားနော်။

အို–သူတော်ကောင်းတို့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မိန့်တော်မူပါတယ်။ ကုသိုလ်ဆိုတဲ့ စိတ်ချမ်းသာမှုကို ကြိုက်၊ ချမ်းသာမကြိုက်လူမိုက်တဲ့ အဲဒီတရားဟောဖူးတယ်။ အဲဒီတရားက အရေးကြီးတယ်။။ ချမ်းသာမကြိုက်ရင် (လူမိုက်ပါဘုရား)။ ကဲ–ဒီအခါမှာ

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာ မကြိုက်တဲ့သူပါလား၊ (မပါပါဘုရား)၊ ကုသိုလ်မကြိုက်တဲ့သူပါလား၊ (မပါပါဘုရား)၊ ကုသိုလ်မကြိုက်တဲ့သူပါလား၊ (မပါပါဘုရား)၊ အမယ်အကုန်လုံး လူလိမ္မာချည်းပဲပေါ့၊ ဟော စရာတောင် မလိုတော့ဘူးနဲ့ တူတယ်။

အို–တရားနာပရိသတ်အပေါင်း သူတော် ကောင်းတို့ လူလဲပဲ ချမ်းသာအောင် နေတတ်ရပါ တယ်။ စိတ်လဲပဲ ချမ်းသာအောင် နေတတ်ရ ပါတယ်။ ချမ်းသာနှစ်မျိုးစလုံးကို ရသမျှ ယူလိုက်ကြစမ်းပါ၊ ဟုတ်လား၊ (မှန်လှပါဘုရား)။

ဦးပဥ္စင်းတို့ ဟောဒီလူ့ပြည် လူ့လောကကို လာခဲ့တယ်ဆိုတာ ထားပါလေ။ နတ်ပြည်က လာတာလည်း ရှိတယ်၊ ငရဲက တက်လာတာ လည်းရှိတယ်၊ ဒါတွေကို ထားခဲ့။ ဒါ မနေ့က ပြောခဲ့တဲ့တရားဖြစ်လို့ ထားခဲ့လို့ ပြောတယ်။ ဟောဒီ လူ့ပြည်ကို ရောက်လာတယ် ဆိုတော့ ဘာနဲ့ တူသလဲဆိုရင် ဦးပဥ္စင်းတို့ တောအရပ်

www.burmeseclassic.com

www.burmeseclassic.com



တွေ့၊ နယ်အရပ်တွေက နေပြီးတော့ စီးပွားရေး နည်းနည်း ဖြစ်လာ၊ စားနိုင် သောက်နိုင် နေနိုင် ပြုနိုင်ပြီဆိုရင် ဟာ ဒါထက်ပိုပြီး စီးပွားဖြစ်ချင်တဲ့ လူများ မန္တလေးလာပြီး စီးပွားရှာကြတယ် မဟုတ်လား၊ (ဟုတ်ပါတယ်ပါဘုရား)။

အေး–ဒို့ကတော့ မန္တလေးသွားပြီး စီးပွား ရှာမယ်ဟေ့၊ ဘယ်သူတော့ ဟေ့–ဘယ်လို အိမ် ကြီးယာကြီးနဲ့ ဖြစ်နေတယ်။ တိုက်နဲ့တာနဲ့ ဖြစ် နေတယ်။ သူ့ဝန်းနဲ့သူ့ခြံနဲ့ ဖြစ်နေတယ်။ ဒို့လဲ သွားမယ်ဟေ့ဆိုပြီး ရွာကနေ တက်လာတာ၊ တောကနေ တက်လာတာ၊ အခုမြို့ရောက်နေတဲ့ သူဌေးတွေ တောသားတွေပဲ များပါတယ်၊ (မှန်လှပါတယ်ဘုရား) အေး ဒို့လဲ တောသားပါပဲ။

တောက နေ၊ မြို့ကို တက်လာပြီးတော့ ကိုယ့်အိမ် ရယ်၊ ခြံရယ်၊ ဝန်းရယ် နေနိုင်ရင် နေနိုင်၊ မနေနိုင်ရင် ဘာလုပ်ရသလဲ ဆိုတော့ သူများအိမ်ကို အငှါးနေရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အိမ်ပိုင် ခြံပိုင်နဲ့ နေနိုင်ရင် တော် သေးတယ်၊ မနေနိုင်ရင် ဘာလုပ်ရလဲ၊ (ငှါးနေရပါ တယ်ဘုရား)၊ အငှါးနေရတယ်တဲ့။

အဲဒီအငှါး၊ အဲဒီလိုအိမ်ငှားလာနေတာဟာ ငှားထားတဲ့အိမ်နဲ့ အိမ်ထဲမှာ ဇိမ်ကျကျ နေချင် လို့လား၊ စီးပွားဖြစ်ချင် လို့လား၊ (စီးပွားဖြစ်ချင် လို့ဘုရား)။ ပြန်မေးမယ်နော်၊ မန္တလေးမြို့ကြီးကို တက်ပြီး၊ တောရပ်တောရွာတွေကို ပစ်စွန့် ပြီးတော့ တက်လာပြီးတော့ မန္တလေးမြို့ကြီးမှာ အိမ်ငှားနဲ့ နေနေရတာဟာ၊ အိမ်ငှားနဲ့ ဇိမ်ကျကျ နေချင်လို့လား၊ စီးပွားဖြစ်ချင်လို့လား၊ (စီးပွားဖြစ် ချင်လို့ဘုရား)၊ ဖြေတာကတော့ အဲဒီလိုဖြေတာပဲ၊ (မှန်လှပါဘုရား)။

တစ်ချို့က အိမ်ငှားနေတယ်၊ အောက် ထပ်က လဘက်ရည်ဆိုင် ဆင်းသောက်လိုက်၊ ဗီဒီယိုလေး ကြည့်လိုက်၊ ညအိပ်လိုက်၊ ဘောလုံး လေးလောင်းလိုက်၊ ချဲလေးထိုးလိုက် ဘာစီးပွားမှ မရှာဘူး၊ ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးကို တက်လာတာ၊ တောကနေ ကိုယ့်ရပ်ကိုယ့်ရွာ ပစ်ပြီးတော့ တက်လာတာ၊ ဘာလုပ်ဖို့ (စီးပွား ရှာဖို့ပါဘုရား)။ အို-သူတော်ကောင်းတို့ ပေါ့ပေါ့တန်တန် မတွက်လိုက်ပါနဲ့၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်က လာခဲ့တယ် ဆိုဦးတော့၊ အဲဒီ အပါယ်လေးဘုံကို ပစ်ခွါပြီးတော့ ဟောဒီ လူ့ပြည်ကို ဘာလုပ်ဖို့ လာသလဲ၊ မှတ်ထားပါ၊ ကုသိုလ်ရှာဖို့၊ (မှန်လှပါဘုရား)၊ ဘာရှာဖို့၊ (ကုသိုလ် ရှာဖို့ပါဘုရား)၊ ဟုတ်ကဲ့လား၊ (မှန်လှပါဘုရား)၊ ဒီလူ့ပြည် ဘာလာလုပ်တာ၊ (ကုသိုလ် ရှာဖို့ပါဘုရား)၊ ဟောဒီ လူ့ခန္ဓာကိုယ်ကြီးက အိမ်ငှား၊ (မှန်လှပါဘုရား)၊ မှန်လှပါ၊ ဖြေရုံနဲ့ မရဘူးနော်၊ သဘောပေါက် နားလည်ရမှာ၊ အိမ်ငှားမှာနေ ကုသိုလ်စီးပွားရှာဖို့ ဆိုတာ နားလည်လိုက်စမ်းပါ၊ (မှန်လှပါဘုရား)။

ဒါဖြင့် တစ်နေ့တစ်နေ့ ကုသိုလ်တွေ စီးပွား ရှာသလား၊ သနပ်ခါးလိမ်းလိုက်၊ ရွှေချိုးလိုက်၊

www.burmeseclassic.com

www.burmeseclassic.com



အတင်းတုပ်လိုက်နဲ့၊ ဒါနဲ့ပဲ ပြီးသလား၊ ကိုယ့်ကိုယ်ကို ကိုယ်ပြန်ကြည့်၊ ဟုတ်လား၊ (မှန်လှပါဘုရား)။ ပေါ့ပေါ့မတွက်နဲ့နော်၊ မိမိတို့က တစ်သံသရာလုံး လူနဲ့ နေမှာလား၊ နတ်ပြည်ဗြဟ္မာပြည်ကနေ နိဗ္ဗာန်သွားမှာလား၊ (နိဗ္ဗာန်သွားမှာပါဘုရား)။ အမယ်လေး နိဗ္ဗာန်သွားမှာတဲ့၊ အားရပါးရ ရီလိုက်ချင်တော့တယ်။ နိဗ္ဗာန်သွားမှာတဲ့။ နတ်ပြည်လောက် ရောက်အောင်ပဲ အာမခံပါဦး၊ ဒါမှမဟုတ်၊ လူပြန်ဖြစ် ပါတယ်ဆိုတဲ့ အာမခံချက်လောက်ပဲ ပြောပါဦး။ အခုတော့ ပြောလိုက်ကြတော့ နိဗ္ဗာန်သွားမှာ'တဲ့။

ပြောတော့ နိဗ္ဗာန်တဲ့၊ တစ်နေ့တစ်နေ့ နိဗ္ဗာန်နဲ့တန်တာ ဘာများ လုပ်နေလဲ၊ ကဲ–ပြောကြစမ်း ပါအုံး၊ အင်း .... သနပ်ခါးလိမ်းလိုက်၊ ရေချိုးလိုက်၊ ချက်လိုက်၊ ပြုတ်လိုက်၊ ဒီသားတွေ, သမီးတွေ၊ ဟိုတူတွေ, တူမတွေ ကောက်ချီလိုက်၊ နမ်းလိုက်၊ အလုပ် ရှုပ်လိုက်၊ ဒါနဲ့ပဲပြီး နေတာများ၊ နိဗ္ဗာန်သွားမှာတဲ့။ ပေါ့ပေါ့တန်တန်

www.burmeseclassic.com

www.burmeseclassic.com



မတွက်နဲ့၊ နိဗ္ဗာန်ကိုတော့ ရောက်စေချင်ပါတယ်။ နိဗ္ဗာန်ရဖို့ဆိုရင် ဟောဒီခန္ဓာ ကိုယ်ကြီးငှား ထားတာ ဘာရှာဖို့၊ (ကုသိုလ်ရှာဖို့ပါဘုရား)၊ နားလေးတွေ ရထားတာဟာ ဘာလုပ်ဖို့ (တရား နားရင်းနဲ့ ကုသိုလ်ရှာဖို့ပါဘုရား)၊ မျက်လုံး လေးတွေ ရထားတာဟာ (ဘုရား တရား သံဃာ အရှင်မြတ်တွေကို ဖူးတွေ့ပြီး ကုသိုလ်ရှာဖို့)၊ လက်ကလေးတွေ ရထားတာဟာ ဗုဒ္ဓ ဓမ္မ သံဃာ ဝေယျာဝစ္စတွေ လုပ်ပြီး နိဗ္ဗာန်သွားဖို့ ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)။

ဒီခန္ဓာကိုယ်ကြီးကို ကိုယ်ကပိုင်ပြီးပြီလား၊ ခဏ ငှားထားတာလား၊ (ခဏငှားထားတာပါ ဘုရား)၊ ဖြေရင်တော့ အဟုတ်ပဲ၊ ပေါ့ပေါ့မတွက် နဲ့နော်၊ မန္တလေးမြို့မှာ စီးပွားလာရှာပြီးတော့လေ အိမ်ကြီး ခြံကြီးနဲ့၊ ကိုယ့်ခြံကိုယ့်ဝန်းနဲ့ သွားကြ တာတွေ တစ်ပုံကြီးဖြစ်သလို တစ်ချို့တွေ အသုံးမကျလို့ နောက်ဆုံးကျတော့ ကိုယ့်ရွာလဲ မပြန်ရဲ၊ မြို့မှာလဲ ဆက်နေလို့က မဖြစ် အဲဒီလို

www.burmeseclassic.com



လူမျိုးတွေလဲ မရှိဘူးလား၊ ရှိလား၊ (ရှိပါတယ်ဘုရား)။

အဲဒီလိုပဲ အခု မိမိတို့ နိဗ္ဗာန်လဲရောက်အောင် သွားလို့ကလဲ မဖြစ်တော့ နတ်ပြည်ဗြဟ္မာပြည်ဆိုတာကလဲ ဝေးလာဝေး၊ လူ့ပြည်မှာလဲပဲ ကုတ်ကပ်နေဖို့က မလွယ်တော့ဘူး၊ ဟုတ်လား မြို့မှာကလဲ စီးပွားပျက်၊ ရွာလဲပြန်လို့ မရတော့ဘူး၊ ဘယ်နဲ့ လုပ်ကြမတုံး၊ စဉ်းစားနော်။ အခု ကတော့ သူတို့အိမ်ငှားနဲ့ နေကြတာမဟုတ်လောက်ပါဘူး ၊ ကိုယ့်အိမ်နဲ့ကိုယ်အိုးနဲ့မန္တလေးမှာ လူလောက စီးပွားရှာဖို့ လာနေကြတယ်မဟုတ်လား။ (ဟုတ်ပါတယ်ဘုရား)။

အို–သူတော်ကောင်းတို့ ပေါ့ပေါ့တန်တန်မတွက်လိုက်ပါနဲ့၊ ဟောဒီ လူ့ပြည်ဌာနလူ့လောကကို လာတယ်ဆိုတာ နိဗ္ဗာန်ကုသိုလ်ရှာဖို့၊ အချိန်ရှိတိုင်း အချိန်ရှိတိုင်း ကုသိုလ်စီးပွားတွေကို ရှာဖို့ လာကြတာ၊ ပေါ့ပေါ့နေ ပေါ့ပေါ့စားလုပ်ဖို့မဟုတ်ဘူး၊ သို့ပါသော်လည်း အဲဒီကုသိုလ်

www.burmeseclassic.com

www.burmeseclassic.com



ရှာဖို့၊ နေ့တိုင်း စိတ်ချမ်းသာအောင် နေဖို့ လူ့ပြည်ကို လာကြတယ်ဆိုပေမဲ့ စိတ်ဆင်းရဲအောင် နေနေကြတာက များပါတယ် ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

မေးမယ်၊ သေသေချာချာ ဖြေပေးရမယ်နော်။ စိတ်ချမ်းသာအောင် လုပ်ရတာ လွယ်လား၊ စိတ်ဆင်းရဲအောင် လုပ်ရတာ လွယ်လား၊ (စိတ်ဆင်းရဲအောင် လုပ်ရတာ လွယ်ပါတယ်ဘုရား)။ တော်တော် တော်တဲ့ လူတွေပဲ၊ ဟုတ်လား၊ စိတ်ဆင်းရဲအောင် လုပ်ရတာ လွယ်တယ်တဲ့အံ့ရော။

နောက်က လူ တွေရော ဘာလုပ်ရတာ လွယ်လဲ၊ (စိတ်ဆင်းရဲအောင် လုပ်ရတာ လွယ်ပါတယ်ဘုရား။) အမယ်လေး မထူးတော့ပါဘူး၊ အတူတူနဲ့ အနူနူပဲ၊ စိတ်ဆင်းရဲတာ အကျသိလ်ဖြစ်လို့ အကျသိလ် လုပ်ရတယ်၊ လွယ်တယ်တဲ့ အံ့ရော၊ အံ့ရော။ အဲတာ သူတော်ကောင်းတွေ မဖြစ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



အင်း–သူတို့ကတော့ သူတို့ဖြစ်တာ အမှန် အတိုင်း ပြောလို့တော်သေးပါတယ်၊ ကြည့်–ဖြေလိုက်ပုံများ စိတ်ဆင်းရဲအောင် လုပ်ရတာ လွယ်တယ်တဲ့၊ သူတို့က ဒီလိုဖြေလို့ တော်သေးတယ်၊ ဟို–ဒကာမကြီး တစ်ယောက်က ဆိုရင် ကိုယ်တော်နှယ့် မသိတာကျလို့တဲ့၊ စိတ်ဆင်းရဲအောင် လုပ်ဖို့က ဘရိတ်ကို မလိုဘူး၊ ဘရိတ်လဲ မရှိဘူး၊ သူ့ဟာသူဖြစ်သွားရောတဲ့။

ပေါ့ပေါ့တန်တန် မတွက်လိုက်ပါနဲ့၊ ပေါ့ပေါ့ နေ ပေါ့ပေါ့စား၊ အလကားနေရင် အလကား လူဖြစ်ပြီးတော့ အကုသိုလ်တွေ တိုးပြီးတိုးပြီး နေကြတော့တာပါပဲ၊ စိတ်ဆင်းရဲ စိတ်ဆင်းရဲပြီး နေကြရတောတာပါပဲ။ စိတ်ချမ်းသာအောင် နေကြပါ။ စိတ်ချမ်းသာဖို့ကိုပဲ ကြိုးစားပြီး နေကြစမ်းပါ။

စိတ်ချမ်းသာအောင် နေတဲ့နည်းလဲ ပေးလို့ ရတယ်၊ စိတ်မဆင်းရဲအောင် နေတဲ့နည်းလဲ ပေးလို့ ရတယ်။ ကဲ . . . ကြိုက်တာ ပြော၊

www.burmeseclassic.com

www.burmeseclassic.com



ဘာနည်း ယူမလဲ၊ (စိတ်ချမ်းသာအောင်နေတဲ့နည်း ပေးပါဘုရား)။ နှစ်မျိုးလုံးတော့ မရဘူးနော်၊ စိတ်ချမ်းသာအောင် နေတဲ့နည်းလဲ ပေးမယ်၊ ဒါကတစ်မျိုး၊ ဒါမှမဟုတ်ရင် စိတ်မဆင်းရဲအောင် နေတဲ့နည်းလဲ ပေးမယ်၊ ဒါကတစ်မျိုး၊ နှစ်မျိုးထဲက တစ်မျိုးပဲ ရမယ်၊ ပြော ကြိုက်တဲ့နည်း ပြော၊ ပေးမယ်၊ စိတ်ချမ်းသာအောင် နေတဲ့နည်း လိုချင်ရင် ပေးမယ်၊ ဒါမှမဟုတ်ရင် စိတ်မဆင်းရဲအောင် နေတဲ့နည်း လိုချင်လဲ ပေးမယ်၊ ကဲ–ဘယ်နည်းက ပိုကောင်းလဲ၊ (နှစ်မျိုးလုံးပေးပါဘုရား)။

ဦးပဥ္စင်းတို့ ဟိုနေ့က ဘုန်းကြီးကျောင်းတစ်ကျောင်း ရောက်သွားတယ်၊ ပြီးခဲ့တဲ့လ ထိဖွင့်တဲ့ နောက်ဆုံးရက်နဲ့ တူပါတယ်၊ နောက်ဆုံးရက်လား၊ နောက်ဆုံးရက် မတိုင်ခင်လား မသိပါဘူး၊ အဲဒီဘုန်းကြီးကျောင်း ဆွမ်းသွားစားတာပေါ့လေ။ ဒီလိုပဲ သွားစားတော့ သူ့ပရိသတ်နဲ့ သူ့ဒကာတွေကတော့ ဟုတ်နေတာပဲ၊ 'ဘုန်း

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းဘုရား ပေးတဲ့၊ တောင်းနေလိုက်ကြတာ၊ ဘာတွေများ တောင်းနေပါလိမ့်လို့ နားထောင်နေမိတယ်၊ အောင်မယ်၊ ဘာတောင်းမှန်း မသိသေးဘဲ သူတို့က ရိနေလိုက်ကြတာ၊ ကြည့်စမ်းပါအုံး၊ 'သုညဟာ'တဲ့ ဟိုကပြန် ပြောလိုက်တယ်။

'သုညဟာ' ဆိုရင် အဖြေပြီးပြီပေါ့။ သူက တောင်းတယ်၊ ကိုယ်က ပေးတယ်၊ ကွက်တိပြီးပြီပေါ့၊ အဲဒီတော့ တောင်းတဲ့သူက ဘာပြောလဲ၊ တစ်လုံးတည်းတော့ မရဘူးတဲ့၊ ဘယ်နှယ်လုပ်ကြမလဲ၊ ကဲ–ဒီလဲပြော၊ စိတ်ချမ်းသာတဲ့နည်းယူမလား၊ စိတ်မဆင်းရဲတဲ့နည်း ယူမလား၊ တစ်လုံးတည်းတော့ မရဘူး၊ ဒို့အဲဒါတွေတော့ မပေးတတ်ဘူးနော်၊ လျှောက်မလုပ်နဲ့၊ အဲဒါတွေက စိတ်ချမ်းသာစရာမဟုတ်ဘူး၊ စိတ်ဆင်းရဲစရာတွေ၊ မဟုတ်တာတွေ လျှောက်မလုပ်ကြနဲ့နော်။ (မှန်ပါဘုရား)။

သလာဘံ နာတိမညေယျ၊

နာ'ညေသံ ပိဟယံ စရေ

www.burmeseclassic.com

www.burmeseclassic.com



အညေသံ ပိဟာယံ ဘိက္ခု၊

သမာဓိံ နာဓိဂစ္ဆတိ။

အဲဒီလိုပုဂ္ဂိုလ်မျိုးဟာ သမာဓိဘယ်တော့မှ မရ၊ ဘာလို့ သမာဓိ မရတာလဲဆိုရင် စိတ်မချမ်းသာလို့၊ ဘာလို့ စိတ်မချမ်းသာ ရတာလဲလို့ မေးသည်ရှိသော် စိတ်ဆင်းရဲနေလို့ပေါ့။

စိတ်မချမ်းသာတာ ဘာဖြစ်နေလို့၊ (စိတ်ဆင်းရဲ နေလို့ပါဘုရား)၊ ဘာလို့ စိတ်မချမ်းသာတာလဲ၊ ဘာလို့ စိတ်ဆင်းရဲတာလဲလို့ ထပ်မေးမယ်ဆိုရင် သလာဘံ နာတိမညေယျ - သလာဘံ-မိမိရထားတဲ့ အခွင့်အရေးကို၊ အတိမညေယျ-အထင်သေးလဲ သေးတတ်လေ၏။

ကိုယ်ရထားတဲ့ အခွင့်အရေးကို၊ ကိုယ်ရထားတဲ့ အဆင့်အတန်းကို၊ ကိုယ်ရထားတဲ့ စီးပွားကို၊ ကိုယ်ရထားတဲ့ဥစ္စာကို၊ ကိုယ်ရထားတဲ့ ဆွေမျိုးကို၊ ကိုယ်ရထားတဲ့ ဒကာကြီးကို ထည့်လိုက်ပေါ့ ဟုတ်လား။ အတိမညေယျ-အထင်

www.burmeseclassic.com

www.burmeseclassic.com



သေးလို့ ရှိရင် အလကားနေရင်း စိတ်ဆင်းရဲ၍ နေကြလေကုန်၏။ သိပြီလား၊ စိတ်ဆင်းရဲတဲ့ အကြောင်း။

ကိုယ်ရတာနဲ့ ကိုယ်မကျေနပ်ရင် စိတ်ဆင်းရဲတယ်တဲ့၊ ကဲ–တရား နာတဲ့ပရိသတ်တွေ ကိုယ်ရတာနဲ့ကိုယ်မကျေနပ်ဘူးလား၊ ကျေနပ်သလား၊ ကြည့် သူတို့ သိပ်ပြီး မဖြေရဲတော့ဘူး၊ သူတို့ ကိုယ်ရတာနဲ့ ကိုယ်မကျေနပ်ရင် စိတ်ဆင်းရဲတယ်တဲ့၊ ကဲ–ကိုယ်ရတာနဲ့ ကျေနပ်တဲ့သူ လက်ညှိုးထောင်၊ ဘယ်သူမှ မထောင်ဘူး။ လက်ညှိုးမထောင်ကြတာကို ထောက်ဆကြည့်ရင် ကိုယ်ရထားတာတွေနဲ့ ကိုယ်မကျေနပ်ဘူးတဲ့။

တစ်ချို့ဒကာမကြီး တွေကလေ လာလာပြောတယ်၊ အရှင်ဘုရားတဲ့၊ အရှင်ဘုရား ဒကာကြီး ကြည့်ပြောတဲ့၊ ဘာပြောရမှာတုံး၊ တပည့်တော်နဲ့ကို ဘယ်လိုမှ ကြည့်မရဘူး ဘုရားတဲ့၊ ဒကာမကြီးရယ်လို့ အဲဒီ ဒကာကြီး

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာက ဦးပဥ္စင်းပိုင်တာလား၊ ဒကာမကြီး ပိုင်တာလားလို့ မေးလိုက်တာပေါ့၊ ဟုတ်တယ် လေ၊ မသိတော့ မေးရတာပေါ့။ သူပိုင်တာ၊ သူသိရဲ့သားနဲ့၊ သူပိုင်တာနဲ့ သူမကျေနပ်တော့ သူ့ယောက်ျား အတင်း သူပဲ မကောင်းကြောင်းကို တစ်ရှာလုံးလိုက်ပြော နေတော့တာပေါ့။

သလာဘံ နာတိမညေယျ၊

နာ'ညေသံ ပိဟယံ စရေ၊

သလာဘံ–မိမိရထားတဲ့ ရပိုင်ခွင့်ကို၊ အတိမညေယျ–ဘယ်လို့မှ သဘောမကျအထင် သေးတတ်လေ၏။ ကိုယ်ရထားတဲ့ ရပိုင်ခွင့် ဆိုတာ လူတိုင်း လူတိုင်းမှာ ရှိတယ်။ ရထားတဲ့ ရပိုင်ခွင့် ရှိတယ်၊ ဒါပေမဲ့ တစ်ယောက်နဲ့ တစ်ယောက် မတူဘူးပေါ့။

ဘာမတူတာလဲဆိုရင် ကြည့်၊ အဘိုးရဲ့ ရပိုင်ခွင့်ရယ်၊ မြေးရဲ့ ရပိုင်ခွင့်ရယ် တူမလား၊ (မတူပါဘူးဘုရား)၊ မြေးလေးကျတော့ ဟိုက

www.burmeseclassic.com

www.burmeseclassic.com



အဒေါ်က ချီလိုက်၊ ဟိုက ဦးလေးက ချီလိုက်၊ အဖေက ချီလိုက်၊ အမေက ချီလိုက်၊ အစ်ကိုတွေ၊ အမတွေကို ပွေ့ချီလိုက်၊ အမလေး ဆွေတွေ မျိုးတွေက ဝိုင်းချီကြလို့ ပွေ့လို့ နမ်းလို့ ဒါမြေး ရပိုင်ခွင့်နော်။

အဘိုးဖြစ်တဲ့လူက မကျေနပ်လို့ သူ့ကျတော့ အချီခံရတယ်၊ ငါ့ကျတော့ အချီအပွေ့ အနမ်းမခံရဘူး ဆိုပြီး မကျေမနပ်ဖြစ်နေရင် အဲဒီလိုအခွင့်အရေး ရမလား၊ (မရပါဘုရား)။ အဲသလိုလုပ်လို့ရော (မရပါဘူးဘုရား)။ မြေး ရပိုင်ခွင့်က မြေးပဲ ရနိုင်ပါတယ်၊ အဘိုးမရနိုင်။ အဘိုးကျတော့လဲ ရပ်ထဲ ရွာထဲမှာ တိုက်ပုံ အင်္ကျီကြီးနဲ့၊ ဘန်ကောက်ပုဆိုးကြီးနဲ့၊ ဒုတ်ကောက်ကြီး နဲ့ ဘန်ကောက်ပုဆိုးဝတ်၊ တိုက်ပုံအင်္ကျီနဲ့၊ ခေါင်းပေါင်းစကြီး တလူလူနဲ့ အလှူမင်္ဂလာပွဲဆို အဘိုးက ရှေ့ကနေ ပြီးတော့ မားမားမတ်မတ်နဲ့ သွားတယ်၊ အဲဒီလို မြေးက သွားလို့ ရမလား၊ (မရပါဘူးဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ရပ်ထဲရွာထဲမှာ ခေါင်းပေါင်းစကြီးနဲ့ မျက်နှာပန်းလှလှ သွားနိုင်တာဟာ ဘယ်သူ့ အခွင့်အရေး၊ (အဘိုးအခွင့်အရေးပါဘုရား)။ အဲဒီ အခွင့်အရေး မြေးရမလား၊ (မရပါဘူးဘုရား)။ မြေးရဲ့အခွင့်အရေး အဘိုးရမလား၊ (မရပါဘူး ဘုရား)

အို–သူတော်ကောင်းတို့၊ ဘာလို့ စိတ်ညစ် တာလဲ ဆိုရင် ကိုယ့်အခွင့်အရေးနဲ့ကိုယ် မကျေ နပ်ကြလို့ စိတ်ညစ်ကြတာ။ တစ်ခါတလေ အဘိုးကလဲ မြေးနဲ့ ပြိုင်ပြီ တီဗီလုကြည့်နေကြ တယ်။ မြဝတီက တရုတ်ကား လာတယ်၊ ဂျပန်ကား လာတယ်၊ ဟာ ဟိုမှာ မြန်မာ့အသံက ကာတွန်းကား လာတယ် ဆိုတော့ တီဗီတစ်လုံးနဲ့ အဘိုးနဲ့မြေး ပြဿနာတက်ကုန်ရော၊ သဘော ပေါက်လား၊ (ပေါက်ပါတယ်ဘုရား)။

ဘာလို့ စိတ်ဆင်းရဲ ရတာလဲ ကြည့်၊ မြေးနဲ့ အဘိုးနဲ့ ရပိုင်ခွင့်ချင်း မတူ၊ ကိုယ်ရတာ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မကျေနပ်ပြီး ရန်ဖြစ်ကြလို့ စိတ်ဆင်းရဲတာ။ နေပါဦး၊ မေးကြည့် စမ်းမယ်၊ ဒီအရပ်ထဲမှာရော အဲဒီလို ရှိလား၊ မြေးနဲ့အဘိုး မတည့်တာ၊ ရန်ဖြစ်တာ ရှိလား။

မြေးကလဲ မြေးရဲ့ရပိုင်ခွင့်ကို သိလိုက်စမ်းပါ၊ အဘိုးကလဲ အဘိုးရဲ့ ရပိုင်ခွင့်ကို သိလိုက်စမ်းပါ၊ ကိုယ့်ရပိုင်ခွင့်ကို ကိုယ်ကျေနပ်ရင် စိတ်ချမ်းသာတယ်။ မကျေနပ်ရင် စိတ်ဆင်းရဲရတယ်၊ ဟုတ်လား၊ (မှန်လှပါဘုရား)၊ နည်းနည်းလေးတော့ သဘောပေါက်လား၊ (သဘောပေါက်ပါတယ် ဘုရား)။

နောက်ပြီး ပြောဦးမယ်၊ ဖနီးမောင်နှံတွေ ဆိုပါဦး – ဒကာကြီးရဲ့ ရပိုင်ခွင့်ကို ဒကာကြီးက ကျေနပ်၊ ဒကာမကြီးရဲ့ ရပိုင်ခွင့်ကို ဒကာမကြီးက ကျေနပ်၊ တစ်ယောက်နဲ့တစ်ယောက် တူလိမ့်မည်မဟုတ်၊ တစ်ယောက်နဲ့တစ်ယောက် ရပိုင်ခွင့်ချင်းတော့ တူမလား၊ (မတူပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



ဒကာကြီးက ညမိုးချုပ် ဘာဘာညာညာ ဟိုဟို ဒီဒီ သွားတယ်၊ သူငယ်ချင်းတွေ၊ အပေါင်း အသင်းတွေနဲ့ အပြင်ကို စက်ဘီးတစ်စီးနဲ့ သွားတယ်၊ ဆိုင်ကယ်တစ်စီးနဲ့ သွားတယ်၊ ကားတစ်စီးနဲ့ သွားတယ်၊ အဲဒီတော့ 'တော် ချည်းပဲသွားတယ်၊ ကျုပ်လဲ လိုက်မယ်ဆိုပြီး ဒကာမကြီးက ဒကာကြီးသွားတဲ့ဆီ လိုက်လို့ ရမလား၊ (မရပါဘူးဘုရား)။ အေးပေါ့ သူဘယ် သွားလို့ သွားမှန်းမှ ကိုယ်မသိဘဲ။

ဒကာကြီးရဲ့ ရပိုင်ခွင့်ကို ဒကာကြီးက ကျေနပ်၊ ဒကာမကြီးရဲ့ ရပိုင်ခွင့်ကို ဒကာမကြီးက ကျေနပ်၊ ဒကာမကြီးက ကိုယ့်ရပိုင်ခွင့်ကို မကျေ နပ်လို့ ဒကာကြီးလုပ်သလို လိုက်လုပ်မယ်ဆိုရင် အကုန်ဒုက္ခ ရောက်ကုန်မှာပေါ့။ ဟုတ်လား၊ (မှန်လှပါဘုရား)။

အင်း – ဒကာကြီးကတော့လဲ ဒကာမ ကြီးကို "ဒီကောင်မက အိမ်မှာ ဇိမ်နဲ့နေပြီး ရသမျှပိုက်ဆံတွေ အကုန်သိမ်းကျုံးယူ၊ ငါ

www.burmeseclassic.com

www.burmeseclassic.com



ကတော့ ပင်ပင်ပန်းပန်းနဲ့ရှာပေး၊ သူကပဲ ဒိုင်ခံယူပြီးတော့ သူ့အမျိုးတွေကိုပဲ ပေးဖို့ ၊ မဟုတ်ဘူး၊ မဟုတ်ဘူး၊ ဒါဖောင်းပြောတာ မဟုတ်ဘူး။ တရားသဘော ပြောပြတာနော်၊ အဲဒီတော့ ငါလဲ မထူးဘူးဟ၊ ပြန်ခိုးပြီး ငါ့ဆွေမျိုးတွေကိုပဲ ပေးမယ်ဆိုပြီးတော့ ့ အကုန်ပြဿနာ တက်ကုန်မှာပေါ့။ ဟုတ်လား၊ (မှန်လှပါဘုရား)။

အို–သူတော်ကောင်းတို့၊ ပေါ့ပေါ့တန်တန် မတွက်လိုက်ကြပါနဲ့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ တရားတော်သည် လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၀၀) ကျော်ကတည်းက ဟောခဲ့တဲ့တရား၊ ခုထိ မရိုးနိုင်၊ မှန်တာကိုး၊ အမှန်တရားဆိုတာ ရိုးလည်း မရိုးဘူး၊ ဆန်းလဲ မဆန်းဘူး။

ရှေးတုန်းကလဲ ကိုယ့်ရပိုင်ခွင့်နဲ့ ကိုယ် မကျေနပ်လို့ ပြဿနာတက်ကြလေကုန်၏၊ အရင်တုန်းကလဲ ကိုယ့်ရပိုင်ခွင့်နဲ့ ကိုယ်မကျေနပ်လို့ ပြဿနာတွေ ဖြစ်ခဲ့ဖူးလေပြီ။ အခုလဲပဲ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရပိုင်ခွင့်ကို ကိုယ်မကျေနပ်လို့ ပြဿနာတွေ ဖြစ်ဆဲ၊ နောင်လဲပဲ (ဖြစ်ဦးမှာပါဘုရား)၊ ဖြစ် အုံးမယ်၊ အမလေး – မလုပ်ကြပါနဲ့တော့၊ တရားနာလို့ သဘောပေါက်ပြီး နောင်လဲ ပြဿနာ မဖြစ်နဲ့တော့နော်၊ မှန်လှပါဘုရား။ မထူးဘူးကွယ်၊ ဟောမဲ့ဟော၊ အကုန် ဟောတာကောင်းပါတယ်။

အို–သူတော်ကောင်းတို့၊ ကိုယ့်ရပိုင်ခွင့်ကို ကိုယ်ကျေနပ်ကြပါ၊ ကိုယ့်ရပိုင်ခွင့်ကို ကိုယ်မကျေနပ်သည်ရှိသော် အကုန်စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲနေရတတ်ပါတယ်။ သဘောပေါက်လိုက်စမ်းပါ။ တစ်ယောက်နဲ့ တစ်ယောက် ရပိုင်ခွင့်ချင်း တူလိမ့်မည် မဟုတ်။

အစ်ကိုရဲ့ ရပိုင်ခွင့် ညီရလိမ့်မည်မဟုတ်၊ ညီရဲ့ရပိုင်ခွင်ကို အစ်ကို ရလိမ့်မည်မဟုတ်၊ အမတွေရဲ့ ရပိုင်ခွင့် ညီမ ရလိမ့်မည်မဟုတ်၊ ညီမတွေရဲ့ ရပိုင်ခွင့် အစ်မ ရလိမ့်မည် မဟုတ်၊

www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်လား၊ (ပေါက်ပါတယ်ဘုရား)။ အခု မိမိတို့က ကိုယ့်ရပိုင်ခွင့်နဲ့ ကိုယ်ကျေနပ်နေတာလား၊ သူများရပိုင်ခွင့်ကို အတင်းလုချင်နေတာလား၊ စဉ်းစားကြည့်နော်။

ဦးပဥ္စင်းတို့ မှတ်မိသေးတယ်၊ ငယ်ငယ်တုန်းက ညီကို မောင်နှမတွေ ငါးယောက်လောက်ပဲ ရှိတုန်းက အမေနဲ့အဖေက ဟင်းလေးတွေ ပုံပေးခဲ့တယ်။ မှတ်မိသေးတယ်၊ ဝက်သားတုံးလေးတွေ ခရမ်းချဉ်သီးလေး ချက်ထားတာ၊ အခေါက်ကလေးရယ်၊ အဆီလေးရယ်၊ အသားလေးရယ် သုံးထပ်သား၊ လက်မလောက်၊ လက်သန်းလောက်သာသာလေးတွေ၊ ဟင်းရောင်ကလေးကလည်း ရဲနေတယ်၊ အနံ့ကလဲ မွှေးနေတယ်၊ ဝက်သားဟင်းလေးတွေ ပုံထည့်ပုံထည့်ဆိုတော့ ကိုယ်လဲ သုံးတုံး၊ သူလဲ သုံးတုံးပါပဲ၊ အမေလုပ်တဲ့သူက ထည့်ပေးတာ။

ထမင်းဝိုင်းမှာ အတူတူစားကြပြီဆိုတော့ ကိုယ့်ဟင်း ကိုယ်ကကြည့်လိုက်၊ ပြီးရင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ရောလား၊ ဘေးမကြည့်ဘဲ ထမင်းစားပြီပေါ့၊ ဒါမှမဟုတ် သူများဟင်းတုံးတွေ ကြည့်သေးလား၊ (ကြည့်ပါတယ်ဘုရား)။ သူများဟင်းတုံးတွေကို ကြည့်သေးတယ်၊ ဟုတ်လား၊ (ဟုတ်ပါတယ် ဘုရား)။ ဘယ်နှစ်တုံးလဲပေါ့လေ၊ ငါ့ကျတော့ သုံးတုံး၊ ဟိုမှာ ဘယ်နှစ်တုံးလဲလို့ လှမ်းကြည့် ရသေးတာ၊ ကိုယ့်ရပိုင်ခွင့်နဲ့ သူ့ရပိုင်ခွင့်ကို ချိန် ထိုးကြည့်တာ၊ အဲဒီလို လုပ်မိတာက စိတ် ချမ်းသာလို့လား၊ စိတ်ဆင်းရဲလို့လား၊ (စိတ် ဆင်းရဲလို့ပါဘုရား)၊ နေအုံး၊ မေးကြည့်ပါအုံးမယ်၊ ကြည့်ဖူးလို့လား၊ ပြောစမ်းပါအုံး၊ (ကြည့်ဖူးပါ တယ်ဘုရား)။

ဒို့က ဒို့ကိုယ်တိုင်ကြည့်ဖူးတာ ဒို့ပြောတာ၊ ငါလဲ သုံးတုံး၊ သူလဲ သုံးတုံးဆိုတော့ ကိုင်း – သူ့အတုံးနဲ့ကိုယ့်အတုံးနဲ့ ဘယ်သူကြီး၊ ကြည့်ပြန် သေးတယ်၊ ဟင်းတုံးက အရေအတွက်တူတူပဲ ဆိုတော့ အရွယ်ကို ကြည့်မိပြန်ရော။ ငါ့ကျ တော့ သေးသေးလေး၊ သူကျတော့ အကြီး

www.burmeseclassic.com

www.burmeseclassic.com



ကြီးတဲ့၊ ကဲစိတ်က လုပ်သေးတယ်၊ ပေါ့ပေါ့ တန်တန် မတွက်နဲ့၊ ကိုယ့်ထမင်းပန်းကန်ထဲ ရောက်ရင် အဲဒါကိုယ့်ဟာင်း ကိုယ့်ရပိုင်ခွင့် တော်ပြီပေါ့၊ အခုတော့ ကိုယ့်ရပိုင်ခွင့်နှင့် ကိုယ်ကျေနပ်သလား၊ မကျေနပ်ဘူးလား၊ ပြန် စစ်ကြည့်၊ (မကျေနပ်ပါဘုရား)။ အင်း ကောင်း တယ်၊ ကောင်းတယ်၊ အဲဒီလို ကိုယ့်ရပိုင်ခွင့်၊ ကိုယ်ရတာနဲ့ ကိုယ်မကျေနပ် ဟိုကြည့်လိုက်၊ ဒီကြည့်လိုက်နဲ့ အကုန်လုံး ရှုပ်ယှက်ခပ်တတ် ကုန်တော့တာပေါ့။

သလာဘံ နာတိမညေယျ၊
နာ'ညေသံ ပိဟယံ စရေ။
အညေသံ ပိဟယံ ဘိက္ခု၊
သမာဓိံ နာဓိဂစ္ဆတိ။

သမာဓိံ–သမာဓိကို၊ နာဓိဂစ္ဆတိ–မရနိုင်၊ သမာဓိံ–စိတ်တည်ကြည်မှုကို၊ နာဓိဂစ္ဆတိ– ဘယ်လိုမှ မရနိုင်။ ဘာလို့ မရနိုင်တာတုန်းဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရထားတဲ့ ဟင်းတုံးကို နည်းတယ်ထင်လို့ သေးတယ်ထင်လို့ ဟုတ်လား၊ (မှန်လှပါတယ် ဘုရား)၊ ထင်လား မထင်လား (ထင်ပါတယ် ဘုရား)။

ပေါ့ပေါ့မတွက်နဲ့နော်။ အမေနဲ့အဖေဟာ ကိုယ့်ကျတော မချစ်ဘူး၊ သူများကျတော့ ချစ်တယ်လို့ ထင်တာ၊ ဟုတ်လား၊ အမကလဲ ညီမကိုကျတော့ ပိုချစ်တယ်ထင်တာ၊ ညီမကလဲ အမကို ပိုချစ်တယ် ထင်တာ၊ တကယ်တမ်း ကျတော့ မိဘမေတ္တာဟာ (အတူတူပါပဲဘုရား)။ အမယ်–ဒါကျတော့ ဘုန်းကြီးအကြိုက်လိုက် ဖြေတယ်၊ ကဲဒီလောက်တောင် ရှိလှတာ မတူဘူး၊ မတူဘူး၊ နည်းနည်းကွာတယ်။ မိုက်တဲ့ အပေါ် လိမ္မာတဲ့အပေါ် မူတည်ပြီး နည်းနည်း ကွာတယ် ...

ဒါပေမဲ့ သေချာ စဉ်းစားကြည့်ရင် ကိုယ့် ရပိုင်ခွင့်ဟာ ကိုယ်ရသင့်သလောက်ပဲ ကိုယ်ရ တာတဲ့၊ မနေ့က ပြောသလို ကိုယ့်ကံ ရှိသ

www.burmeseclassic.com

www.burmeseclassic.com



လောက်ပေ့ါ၊ ကိုယ့်ကံမကောင်းလို့ ဝက်သား ခတ်ပေးရင်း အရိုးပါတာတော့ ကိုယ်လဲ မတတ်နိုင်ဘူးဟုတ်လား၊

အမေကတော့ သုံးတုံးဆို၊ သုံးတုံးပါပဲ၊ အဖေကတော့ သုံးတုံးဆို သုံးတုံးထည့်ပေးတာပါပဲ၊ ကိုယ့်အတိက်ကံ မကောင်းလို့ ဝက်သားက အရိုးပါလာတာတော့ မတတ်နိုင်ဘူး၊ ဒါကို အမေ့စိတ်ဆိုးလို့လည်း မရဘူး၊ အဖေ့စိတ်ဆိုးလို့လည်း မရဘူး၊ ဘယ်သူကြောင့်လဲ၊ (ကိုယ့်ကံကြောင့်ပါဘုရား)။ အရင်က ကောင်းရင် အခုဘာဖြစ်မှာလဲ၊ (အခု ကောင်းမှာပါဘုရား)၊ အခု ကောင်းရင် (နောင်ကောင်းမှာပါဘုရား)။ ကဲ–ဆိုကြည့်၊

အရင်ကောင်းက အခုကောင်းပါမည်။
အခုကောင်း၊ နောင်ကောင်းကြလိမ့်မည်၊
ရှေးက ကောင်းက ခုကောင်းပါသည်၊
အခုကောင်း နောင်ကောင်းကြလိမ့်မည်။
အရင်ကောင်းက အခုကောင်းပါမည်။

www.burmeseclassic.com

www.burmeseclassic.com



အခုကောင်း၊ နောင်ကောင်းကြလိမ့်မည်၊
ရေးက ကောင်းက ခုကောင်းပါသည်၊
အခုကောင်း နောင်ကောင်းကြလိမ့်မည်။

ရေးတုန်းက မိမိပြုခဲ့တဲ့ ကုသိုလ်ကံက ကောင်းခဲ့သည်ရှိသော် အခု ဘာဖြစ်မှာလဲ၊ (ကောင်းမှာပါဘုရား) ကောင်းမှာတဲ့၊ အခုကောင်းရင်လဲ (နောင်ကောင်းမှာပါဘုရား)။ မိမိတို့က အခုကောင်းချင်တာလား၊ နောင်ကောင်းချင်တာလား။ (နောင်ကောင်းချင်တာပါဘုရား)၊ (အခုရော နောင်ရော အကုန်ကောင်းချင်တာပါဘုရား)။

ကဲ-အခု ချမ်းသာချင်တာလား၊ နောက်ကျမှ ချမ်းသာချင်တာလား၊ (အခုလဲ ချမ်းသာချင်တယ်၊ နောက်လဲ ချမ်းသာချင်ပါတယ်ဘုရား)၊ နောက်တော့ ခဏထား၊ အခု ချမ်းသာချင်ရင် အပြင်ထွက်နေ၊ မန္တလေး ဆောင်းတွင်းဆိုတော့ ချမ်းရော၊ အမလေး တယ်လဲ လောဘကြီးတဲ့ဟာတွေ။

www.burmeseclassic.com

www.burmeseclassic.com



ဦးပဋ္ဌင်းတို့ တရားနာပရိသတ်တွေ သေသေချာချာ ကြည့်နော်၊ ရှေ့ကဆရာတော်ကြီးတွေ ရေးခဲ့ဆိုခဲ့, ပြောခဲ့တဲ့ အဆိုအမိန့်တွေကို ပေါ့ပေါ့မတွက်နဲ့၊ ရှေးက ကောင်းလို့ အခုကောင်းလာသည်။ အခုကောင်း (နောင်ကောင်းပါလိမ့်မည်)၊ နောင်ကောင်းပါလိမ့်မည်တဲ့။ ရှေးကပြုခဲ့တဲ့ ကုသိုလ်ကံတွေက အခု ကောင်းတဲ့ချမ်းသာ အကျိုးကို ပေးပါတယ်။

BURMESE CLASSIC

အခုကောင်းရနေပြီး ဆိုရင် ဒီအပေါ်မှိုပြီး အခုကောင်းအောင် နေကြပေါ့၊ အခုကောင်းအောင် နေတဲ့အတွက် နောင်ကြရင် ကောင်းလာလိမ့်မယ်၊ နောင်ဆိုတာ နောက်ဘဝကို ပြောသည်မဟုတ်။ မနက်ဖြန်လဲနောင်ပေါ့၊ မနက်ဖြန်လဲနောင်၊ သဘက်ခါလဲ နောင်၊ ဦးပဋ္ဌင်းတို့ တရားပွဲပြီးလျှင်လည်း နောင်တဲ့၊ တကယ် နောင်ကောင်းချင်ရင် အခု ဘာလုပ်ရမလဲ၊ (ကောင်းအောင် လုပ်ရပါမယ်ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



နောင်ချမ်းသာချင်တယ် ဆိုရင် အခု ချမ်းသာအောင်နေ၊ အခု ချမ်းသာအောင်ကလဲ အရင်က ချမ်းသာခဲ့မှ၊ အရင်ကကုသိုလ်တွေ လုပ်ခဲ့ရင် အခု ချမ်းသာပါတယ်။ အခု ကုသိုလ်တွေ လုပ်ပြန်ရင် နောင်လဲပဲ ချမ်းသာပြန်တယ်။ ပေါ့ပေါ့တန်တန် မတွေးလိုက်ပါနဲ့၊ ကိုယ့်အတိတ်ကံဆိုတာက မနေ့က ပြောခဲ့သလို ကိုယ်က အမေ့ဝမ်းထဲ ရောက်နေတယ်၊ အမေက ကိုယ့်ကို အဝတ်နီးပတ်ဖို့အတွက် အဝတ်အနှီးဖြူ မှန်းမသိ၊ ရေလဲပုဆိုးမှန်းမသိ ဟုတ်လား၊ ကိုင်စောင့်နေတာ၊ (ဟုတ်ပါတယ်ဘုရား)။ ပြီးပြီးသားတွေကတော့ မတတ်နိုင်တော့ဘူးလေ၊ ပြီးပြီးသား အတိတ်တွေကတော့ ထားခဲ့ကြပါစို့၊

အရေးကြီးတာက အခုကုသိုလ်ကံပြုဖို့ အရေးကြီးတာ၊ 'အခု ကောင်းရင် နောင်ကောင်း မှာပဲဘုရား၊ ဟုတ်တယ်ဘုရား'တဲ့၊ 'တပည့်တော်တို့ ယုံပါတယ်'တဲ့၊ တစ်ချို့ဆို ဘာလုပ်လဲဆိုရင် ဘုရားကိုလေ ဘုရားပန်းအိုးကို သေသေချာချာ

www.burmeseclassic.com

www.burmeseclassic.com



ကပ်၊ သေသေချာချာ ကပ်တယ်၊ အမလေး မေမြို့ပန်းကြီးတွေရော၊ လှတပတကြီးတွေ အများကြီးကပ်တယ်၊ ဘယ်နေ့ကပ်သလဲ ဆိုရင် အင်္ဂလိပ်လကုန်ခါနီး၊ ဘာဖြစ်လို့ ရယ်ကြတာ တုံး၊ ပြောစမ်းပါအုံး၊ လကုန်ရက်ချဲထွက်ခါနီး ဖြစ်လိုတဲ့ အခွံရော။

တစ်ချို့ကတော့ အဲဒီလို မဟုတ်ပါဘူး၊ ဆက်သွားတာ၊ တစ်ရက်နေ့ရော၊ နှစ်ရက်နေ့ ရော၊ သုံးရက်နေ့ရော၊ လေးရက်နေ့ရော၊ နှစ်လုံး ထီပေါက်ဖို့တဲ့လေ။ သူတို့ကုသိုလ်က မပြော လိုက်ချင်ဘူး၊ မပြောတော့ပါဘူးလေ၊ သူတို့ သိတယ်၊ ပေးလိုက်လိမ့်မယ်၊ အကျိုးကောင်း ကျိုးတွေ။

BURMESE CLASSIC

သလာဘံ နာတိမညေယျ၊
နာ'ညေသံ ပိဟယံ စရေ၊
အညေသံ ပိဟယံ ဘိက္ခု၊
သမာဓိံ နာဓိဂစ္ဆတိ။

www.burmeseclassic.com

www.burmeseclassic.com



သလာဘံ–မိမိရထားတဲ့ အခွင့်အရေးကို၊ သလာဘံ–မိမိရထားတဲ့ လာဘ်လာဘကို၊ သလာဘံ–မိမိရထားတဲ့ စည်းစိမ်ဥစ္စာကို၊ အတိမညေယျ–အထင်သေးတတ်ကြလေ၏။ အဲဒါကြောင့် စိတ်ဆင်းရဲတာ။ စိတ်ဆင်းရဲလို့ သမာဓိမရတာ။

ဒါ့ကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သလာဘံ–မိမိရထားတဲ့ အခွင့်အရေးကို၊ နာတိမညေယျ–အထင်မသေးပါနဲ့။ ကိုယ်ရထားတာလေးနဲ့ ကျေနပ်၊ ကိုယ်ရတာနဲ့ ဘာလုပ်ရမလဲ၊ (ကျေနပ်ပါဘုရား။)

ပေါ့ပေါ့မတွက်နဲ့နော်၊ ခုန အဘိုးနဲ့မြေးနဲ့ အခွင့်အရေး မတူတာ သိတယ်မို့လား၊ (သိပါတယ်ဘုရား)။

တိုးတိုးပြောမယ် –

မိဘနဲ့ယောက္ခမ ဘယ်တော့မှ အခွင့်အရေး မတူဘူး. . . ၊ အဲဒီသဘောကို သဘောမသိတော့ အိမ်တိုင်း အိမ်တိုင်းမှာ အဲဒါ ပြဿနာ

www.burmeseclassic.com

www.burmeseclassic.com



အကြီးအကျယ် ဖြစ်တာပေါ့။ ဟုတ်လား၊ (မှန်လှပါဘုရား)။ ဒီကလူတွေက ကြိုက်လဲ မတတ်နိုင်ဘူး၊ မကြိုက်လဲ မတတ်နိုင်ဘူး၊ ပြောတော့ ပြောရမှာပါ၊ မိဘဟာ မိဘပေါ့။ ယောက္ခမကို မိဘမလုပ်နိုင့်ပါဘူး၊ ဟုတ်လား။ အဲဒီလို ပြောကြတာ၊ မိဘဟာ မိဘပေါ့။ မိဘကို ယောက္ခမ မလုပ်နိုင်သလို ယောက္ခမဟာ ယောက္ခမပဲပေါ့။ ယောက္ခမကိုလည်း မိဘမလုပ်နိုင်ပါဘူး၊ အဲဒီမှာတင် မိသားစု ပြဿနာဖြစ်ကုန်ပြီ၊ ဒါလောက်ကလေးက သဘောပြောတာပါ၊ ဒါတွေအားလုံး သူတို့တစ်တွေက သိပြီးသာပါ။ မယုံမရှိကြနဲ့၊ အိမ်တိုင်းအိမ်တိုင်းမှာ လက်တွေ့ဖြစ်နေကြတာ၊ ဒီပြဿနာတွေပါပဲ။

BURMESE CLASSIC

သေသေချာချာ တွက်ကြည့်လေလေ သိလေလေပါပဲ။ တစ်ချို့ယောက္ခမတွေက ချွေးမကို သမီးလို မဆက်ဆံ၊ 'ချွေးမဟာ ချွေးမပဲ'လို့ ဆက်ဆံပြီး ကိုယ့်ကျတော့ ယောက္ခမတွေ ဖြစ်နေပေါ်လျက် မိဘဖြစ်ချင်ကြတယ်၊ မိဘအခွင့်

www.burmeseclassic.com

www.burmeseclassic.com



အရေးတွေ လိုချင်နေကြတယ်။ အဲဒီလိုပါပဲ၊ တစ်ချို့ယောက်ျားမတွေဟာ သားမက်ကို သားရယ်လို့ အသိအမှတ်မပြု၊ သားမက်ကို သားမက်လိုပဲ ဆက်ဆံပြီး မိဘရဲ့ရပိုင်ခွင့်မျိုးကို လိုချင်နေကြတယ်။ မရနိုင်ပါဘူး။ ဘယ်လိုမှ မရနိုင်ပါဘူး။

ကိုယ့်အခွင့်အရေးကို ကိုယ်ကျေနပ်လိုက်ကြပါကုန်လော့။ မိဘကလဲ ယောက်ျားမရဲ့ အခွင့်အရေးကို သွားမယူချင်နဲ့၊ ယူလဲ မယူချင်နဲ့၊ ယောက်ျားမကလဲ မိဘရဲ့ အခွင့်အရေးကို သွားမယူချင်နဲ့၊ ယူလဲမယူနဲ့၊ ရလဲ မရနိုင်ဘူး။ ကိုယ်ရတဲ့ အခွင့်အရေးနဲ့တင် ကိုယ်ကျေနပ်လိုက်ကြပါကုန်လော့။ ဟုတ်လား၊ (မှန်လှပါဘုရား)။

ကုန်ကုန်ပြောလိုက်မယ်၊ သမီးရဲ့ အခွင့်အရေး ယောင်းမက မရဘူး၊ ယောင်းမရဲ့ အခွင့်အရေး သမီးက မရဘူး၊ သေသေချာချာ မှတ်ထား၊ မထူးပါဘူး၊ ပြောမဲ့ပြော၊ အကုန်ပြောမယ်။ သမီးယောင်းမတွေ အခွင့်အရေးအရ ယူအောင်

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ကြလို့ အစ်ကို, မောင်ခင်ပွန်းယောကျ်ားတွေ စိတ်ဆင်းရဲပြီး အရက်သောက်၊ ဖဲရိုက်၊ မိန်းမ ရှုပ်တာတွေ ဖြစ်ကုန်ကြတာ။

သမီးယောင်းမတွေကို ခဏထားပါဦး၊ အိမ်မှာရှိတဲ့ သမီးချင်းအတူတူ အိမ်ထောင်ကျပြီးတဲ့ သမီးနဲ့ လူလွတ်သမီးနဲ့ အခွင့်အရေး တူမလား၊ (မတူပါဘူးဘုရား)။ အေး–အဲဒါ မတူဘူး၊ ဘယ်တော့မှလဲ မတူနိုင်ဘူး၊ အဲဒါကို နားမလည်ရင် ပြဿနာဆိုတာ အဲဒီကစတာပဲ။ အမလေး တစ်ချို့က ပြောသေးတယ်၊ အိမ်မှာ ကျန်တဲ့ လူလွတ်တွေကို ကြည့်ကြပါ၊ အမေတို့ အဖေတို့က သူတို့ကိုကျတော့ အလိုလိုက်တယ်၊ ကျွန်တော့်ကိုတော့ ပစ်ထားတယ်၊ ဒီလိုဆိုရင် ကျွန်တော် မိန်းမယူမိတာ ဒုက္ခပဲပေါ့၊ တော်ပြီ တော်ပြီ မိန်းမကို ပြန်အမ်းလိုက်တော့မယ်တဲ့ ရမလား၊ (မရပါဘူးဘုရား)။

အို–သူတော်ကောင်းတို့ ပေါ့ပေါ့တန်တန် မတွက်လိုက်ကြပါနဲ့ ၊ ကိုယ်ရတဲ့အခွင့်အရေးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်ရမှာ၊ ကိုယ့်ရပိုင်ခွင့်နဲ့ ကိုယ်ကျေနပ်ရမှာကို ကိုယ်မသိလို့ စိတ်တွေ ဆင်းရဲနေကြတာပါ၊ ပြဿနာတွေ ဖြစ်ကုန်ရတာပါ။တစ်အိမ်လုံး ပွက်လောရိုက်နေတာကိုပဲ ကြည့်ကြည့်၊ တစ်ကမ္ဘာလုံး ပွက်လောရိုက်နေတာကိုပဲ ကြည့်ကြည့်၊ ကိုယ့်အခွင့်အရေးကို ကိုယ်မကျေနပ်ကြလို့ ဖြစ်နေကြတာ၊ သေချာပါတယ်။ ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)။

BURMESE CLASSIC

တရားကို သေသေချာချာနာနော်၊ အိမ်ပြန်သတိရရမနေနဲ့၊ တရားပဲနာ၊ ခု အိမ်ပြန်သတိရဖို့ ဟောနေတာ မဟုတ်ဘူး၊ ကိုယ့်အိမ်အကြောင်းတွေတော့ တရားနာရင်းနဲ့ ပေါ်လာတာပေါ့။ မဟုတ်ဘူးလား။ 'ဟုတ်တယ်၊ ဟိုကောင်မပေါ့၊ ဟိုကောင်ပေါ့'လို့ လုပ်မနေနဲ့။ စိတ်ထဲမှာ ဆင်းရဲမနေနဲ့။

ကိုယ်ရတဲ့အခွင့်အရေးကို ကိုယ်ကျေနပ်လိုက်ကြပါကုန်လော့၊ ကိုယ်ရတဲ့အခွင့်အရေးကို မကျေနပ်ဘူးဆိုရင် စိတ်လည်း ဆင်းရဲတယ်၊

www.burmeseclassic.com



အိမ်မှာလဲ ပြဿနာဖြစ်တယ်၊ ရပ်ကွက်ထဲမှာလဲပဲ ပြဿနာဖြစ်တယ်။

အတိက်ကံက ပေးတဲ့ အခွင့်အရေးကိုသာ ကိုယ်ရမယ်၊ ကိုယ့်ရဲ့ရပိုင်ခွင့်ရှိသလောက်သာ ကိုယ်ရမယ်၊ အခု ပစ္စုပ္ပန်ကံ ဉာဏ် ဝီရိယတွေ ရှိသလောက်သာ ကိုယ်ရမယ်၊ ကံကောင်း၊ ဉာဏ်ကောင်း၊ ဝီရိယကောင်းအောင် နေလိုက်ကြစမ်းပါ။ ဟုတ်လား၊ (မှန်လှပါဘုရား)။

နားလည်လွယ်အောင် ပြောမယ်၊ ကိုယ်ရတဲ့အခွင့်အရေးနဲ့ ကျေနပ်၊ သန္တုဋ္ဌိ သလ္လေခဖြစ်၊ 'သန္တုဋ္ဌိ ပရမံ ဓနံ'' လို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီး တစ်နေရာ တစ်သုတ်မှာ ဟောတော်မူခဲ့ပါတယ်။ ရောင့်ရဲတင်းတိမ်တာဟာ အမြတ်ဆုံးသော ချမ်းသာဉစ္စာ တစ်မျိုးတဲ့။

ရောင့်ရဲလိုက်စမ်းပါ၊ ရတာလေးနဲ့ ကျေနပ်လိုက်စမ်းပါ၊ မရောင့်ရဲ မကျေနပ်ရင် ကိုယ့်ပဲ ဒုက္ခရောက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြောပြရဦးမယ်၊ တစ်ချို့ဆိုရင် ကိုယ့်ကံက ပေးသလောက်ပဲ ကိုယ်ရတာတွေကို သဘော မပေါက်ကြဘူး၊ အလှူသွားမယ်၊ မင်္ဂလာပွဲ သွားမယ်၊ အပြင်ပွဲလမ်းသဘင် သွားမယ် ဆိုရင် မှန်တင်ခုံရှေ့ကကို မထတော့ဘူး။ ဟိုလိုလုပ် ရင် လှမယ်ထင် ပြင်လိုက်၊ ဒီလို လိမ်းရင် လှ မယ်ထင် ပြင်လိုက်၊ အကြာကြီးပါပဲ။ တစ်နာရီ နှစ်နာရီ ကြာတယ်။ ပြီးတော့ ထွက်လာလိုက် တာ ဒီပုံ၊ ဒီပုံပါပဲ။

ဟုတ်တယ်လေ၊ အတိတ်ကံက ပေး သလောက်ပဲ ရတာပေါ့။ အမေ့အဖေမွေးပေး ထားတဲ့ ဒီမျက်နှာ၊ ဒီမျက်နှာခွက်ပဲ ကိုယ့်မှာ ရပိုင်ခွင့် ရှိတာကိုး၊ ဒီရပိုင်ခွင့်ကို မရောင့်ရဲ မကျေနပ်ရင် ပိုက်ဆံလဲကုန်၊ အချိန်လဲ ကုန်၊ စိတ်လဲ ဆင်းရဲနေရတာပေါ့။

ကိုယ်ရတာလေးနဲ့ ကိုယ်ကျေနပ်၊ ဘယ် လောက်ချမ်းသာလိုက်မလဲ၊ ချမ်းသာလိုက်တာ လွန်ရောပါပဲ။ ကိုယ်မရခဲ့တာ မရနိုင်တာတွေ

www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့ရင်လည်း ဘယ်တတ်နိုင်မလဲ၊ အတိတ်ကံ တုန်းက ကိုယ်မကောင်းတာတွေ ဘာတွေ လုပ်ခဲ့မှန်းမှ ကိုယ်က မသိနိုင်ပဲ၊ ဒီလောက်ပဲ ရမဲ့အခွင့်အရေးဟာ ဒီလောက်ပဲ ပေးမှာပဲ၊ အဲဒါ ကိုပဲ အားမလို အားမရနဲ့ အတင်းအဓမ္မ အားရ ပါးရ ခါးပြတ်ကိုက်မလိုလို၊ လုယူတော့ မလိုလို တစ်ချို့က ရှိတယ်၊ ရတာလေးနဲ့ မကျေနပ်ကြ ဘူးလေ။ ဟုတ်လား၊ မလုပ်နဲ့၊ မနေ့ကပဲ ပြောခဲ့ ဟောခဲ့ပြီးပြီ။

ပိုက်ဆံ (၁၀)သိန်း ရမဲ့သူဟာ အေးအေး ဆေးဆေး နေရင်လည်း (၁၀) သိန်းကို ရနိုင် အကျိုးပေးပါတယ်။ ခါးမြဲတိုက်ရင်လဲ (၁၀) သိန်း ရမဲ့အကျိုး ပေးပါတယ်ဆိုရင် ခါးမြဲတိုက် မလား၊ အေးအေးနေမလား၊ (အေးအေးနေပါ့ မယ်ဘုရား)။ တကယ်လား၊ (တကယ်ပါဘုရား)၊ တကယ်လို့ (၁၀) သိန်းရမဲ့ အကျိုးပါမယ်ဆိုရင် အေးအေးနေလဲ ရမယ်၊ ချဲထိုးရင်လဲရမယ် ဆိုရင် ဘာလုပ်မလဲ၊ (အေးအေးနေပါမယ်ဘုရား)

www.burmeseclassic.com

www.burmeseclassic.com



မယုံပေါင်၊ အလကားလျှောက်ပြောတာ၊ ချဲထိုး နေကြတာနော်၊ အဲဒါမကျေနပ်လို့ပေါ့၊ ချဲထိုးတာ သွားမလုပ်နဲ့ မွဲဆေး၊ ဟောသာဟော ရပါတယ်၊ ပြောသာပြောရပါတယ်။ ချဲမထိုးနဲ့၊ ပြောလို့လဲ ရမှာမဟုတ်ပါဘူး၊ ထိုးကြမှာပါပဲ။

အို–သူတော်ကောင်းတို့၊ ကိုယ်ရတဲ့ အခွင့် အရေးကို ကိုယ်ကျေနပ်လိုက်ကြပါကုန်လော့၊ 'ကျေနပ်တယ် ကျေနပ်တယ်'ဆိုတာက ကိုယ့် ကို ကိုယ်ကျေနပ်ရမည်၊ ဘာကျေနပ်ရမှာလဲ၊ (ကိုယ့်ကိုယ်ကို ကျေနပ်ရမှာပါဘုရား)၊ ကိုယ်ရတဲ့ အခွင့်အရေးကို ကျေနပ်၊ ကိုယ့်ကို ကိုယ်ကျေနပ် တယ်ဆိုတာက လုပ်ရမဲ့အလုပ်ကိုတော့ မကျေ နပ်နဲ့၊ ရလာတဲ့အခွင့်အရေး ရပိုင်ခွင့်ကိုတော့ ကျေနပ်လိုက်စမ်းပါ၊ အလုပ်နဲ့ ရပိုင်ခွင့် နှစ်မျိုး ရှိပါတယ်။

ကိုယ်နဲ့ဆိုင်တာကို နားလည်ရအောင် ပြောမယ်၊ ရမဲ့အခွင့်အရေးကို ကျေနပ်၊ လုပ်ရမဲ့ အလုပ်ကိုတော့ မကျေနပ်နဲ့၊ ဒါဟာ ခွဲခွဲ

www.burmeseclassic.com

www.burmeseclassic.com



ခြားခြားလေး သိဖို့အရေးကြီးတယ်။ ငယ်တုန်းက ဦးပဥ္စင်းတို့ မီးဖိုချောင်ထဲမှာ ညီအစ်ကို မောင်နှမတွေ ထမင်းစုစားကြရင် အမေတို့၊ အဖေတို့က ဟင်းတွေ ပုံပေးပါတယ်။ ဟင်းပုံ ပေးရင် သုံးတုံးဆိုပါစို့၊ သုံးတုံး ပုံပေးရင် မီးဖိုချောင်ထဲ ဝင်ကူညီတဲ့ လူလဲပဲ သုံးတုံးပဲ၊ ရေထမ်းပေးတဲ့ လူလဲ သုံးတုံးပဲ၊ ဈေးဝယ်ပေးတဲ့လူလဲ သုံးတုံးပဲ။

မီးဖိုထဲ ဝင်ပြီး ချက်တဲ့သူကလည်း ငါချက် ရတယ်၊ ငါကပိုပြီး လေးတုံးယူမယ် ဆိုလို့ (မရပါဘူးဘုရား)၊ ဟုတ်တယ်၊ မရဘူး၊ ကိုယ့် အလုပ်ကတော့ ကိုယ်တာဝန်ကျေရမယ်တဲ့၊ ရတဲ့အခွင့်အရေးကို ရသင့်သလောက်နဲ့ ကျေနပ် ရမယ်။

အို–သူတော်ကောင်းတို့၊ ရတဲ့အခွင့်အရေး ကိုတော့ ကျေနပ်လိုက်စမ်းပါ၊ ရသလောက်နဲ့ ကျေနပ်၊ လုပ်ရမဲ့အလုပ်ကိုတော့ တစ်စက်က လေးမှ မလျှော့နဲ့၊ ကြိုးစားပြီးလုပ်၊ ဒါဒီနှစ်မျိုး ပဲရှိတယ်။ အရေးကြီးတယ်နော်၊ ရလာတဲ့ အခွင့်

www.burmeseclassic.com

www.burmeseclassic.com



အရေးကိုတော့ ဘာလုပ်ရမလဲ၊ ကျေနပ်ရမယ်တဲ့၊ ရောင့်ရဲရမယ်တဲ့၊ လုပ်ရမဲ့ အလုပ်ကိုတော့ ကြိုးစားပြီးလုပ်၊ တစ်စက်ကလေးမှ မလျှော့နဲ့၊ ကြိုးစားမှုကို ဘယ်တော့မှ မရပ်နဲ့၊ အလုပ်ကို မရောင့်ရဲနဲ့။

ကိုယ့်အိမ်မှာကို ဖြစ်နေကြတာတွေ ပြန်ကြည့်လိုက်ပါတော့၊ ကိုယ့်မိသားစုကို ဖြစ်နေကြတာတွေ ကိုယ်ပြန်ကြည့်လိုက်ပါတော့၊ အခွင့်အရေးကို ကျေနပ်ကြတာများသလား၊ အလုပ်ကို ကျေနပ်ကြတာ များသလားလို့၊ အခွင့်အရေးကို ကျေနပ်နေရင် ဟုတ်လာပြီ၊ အလုပ်ကို ကျေနပ်ရောင့်ရဲရင် မကောင်းဘူး၊ ဒါကြောင့် အလုပ်ကို ကျေနပ်ပြီး ပျင်းနေတာများလား ပြန်ကြည့်၊ အလုပ်ကိုကျတော့ ပျင်းနေတာ၊ ဟုတ်တယ် မဟုတ်လား၊ အိမ်တကာ အရပ်တကာ လျှောက်လည် စားချိန်တန်မှ ပြန်လာ၊ ဟိုလိုလို ဒီလိုလို အိပ်လိုက်စားလိုက်နဲ့၊ အလုပ် လုပ်တာကို ပျင်းနေတယ်ဆိုရင် အလုပ်ကို

www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်ရောင့်ရဲ မကြိုးစားဘဲ နေတယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ ဘယ်တော့မှ မတိုးတက်နိုင်ဘူး။

အခွင့်အရေးကို ကျေနပ်ပြီးတော့ အလုပ်ကို ကြိုးစားရမည်၊ ကုသိုလ်ကံက ပေးလို့ ရလာသမျှ ချမ်းသာကို ကျေနပ်လိုက်ကြစမ်းပါ၊ ကုသိုလ်အလုပ်ကိုတော့ အားရပါးရ ထပ်ခါထပ်ခါလုပ်၊ အားရပါးရလုပ်၊ မြန်မြန်လုပ်၊ များများလုပ်။ အလုပ်ကိုတော့ လုပ်ကိုလုပ်ရမှာနော်၊ အလုပ်မလုပ်ရင် အကျိုးပေးဆိုတာ မလာဘူးတဲ့၊ ကောင်းတဲ့အလုပ်ကို မလုပ်ရင် ကောင်းကျိုးချမ်းသာဆိုတာ မလာဘူးတဲ့။ မှတ်ထားကြ။

သလာဘံ နာတိမညေယျ၊
နာ'ညေသံ ပိဟယံ စရေ၊
အညေသံ ပိဟယံ ဘိက္ခု၊
သမာဓိံ နာဓိဂစ္ဆတိ။

သလာဘံ–မိမိရထားတဲ့ အခွင့်အရေးကို နာတိမညေယျ–အထင်မသေးလိုက်စမ်းပါနဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်လိုက်ကြပါကုန်လော့၊ အညွှသံ–သူ တစ်ပါးတွေ ရထားတဲ့ စီးပွားဥစ္စာကို၊ ပိဟယံ– သဘောကျပြီးတော့၊ န စရေ–ကိုယ်လိုချင် ရချင်ပြီး သွားပြီးတော့ အနိုင်မကျင့်လိုက်နဲ့။ အလကားမလိုချင်နဲ့။

သူများစီးပွား ချမ်းသာတာကို ကိုယ်က သွားပြီးတော့ လိုချင်စိတ် မရှိရဘူးတဲ့၊ ရချင် လိုချင်စိတ်မမွေးရဘူးတဲ့၊ အမလေး... သူများ ချမ်းသာသလို ကိုယ်ချမ်းသာအောင် ကြိုးစား၊ အလုပ်ကို ကြိုးစားရင်တော့ ဟုတ်သပေါ့၊ သူများချမ်းသာတာမျိုးကို ဒို့လဲ ရချင်တယ်၊ လိုချင်တယ် ဆိုပြီး လုမယ်ဟဲ့၊ ယက်မယ်ဟဲ့ ဆိုရင်တော့ အဲဒါမျိုး လုံးဝမလုပ်ရဘူးတဲ့။

နားလည်လွယ်အောင် ပြောရင်တော့ သူ များချမ်းသာတာကို မနာလို မဖြစ်နဲ့၊ ကျေနပ် ဟုတ်လား၊ (မှန်လှပါဘုရား)၊ သူများချမ်းသာ သလို ကိုယ်ချမ်းသာချင်ရင် ကုသိုလ်ကောင်းမှု

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေ့ါ၊ ချမ်းသာကို ကုသိုလ်မှတစ်ပါး ဘယ်သူ ဘယ်ဝါကမှ ပေးတယ်ဆိုတာ မရှိပါဘူးတဲ့။

အခု မိမိတို့တစ်တွေ, တရားနာနေတဲ့ ပုဂ္ဂိုလ်တွေ တစ်ချို့က ပြောကြတယ်၊ တစ်ချို့က ချဲထိုးနေတယ်ဆိုတာ ထိုးချင်လို့ ထိုးတာ မဟုတ်ဘူးဘုရားတဲ့၊ ချမ်းသာချင်လို့တဲ့၊ ကဲပြော၊ မိမိတို့က ချမ်းသာချင်လို့ ထိုးတာလား၊ မထိုးချင်ဘဲနဲ့ ထိုးရတာလား၊ (မထိုးချင်ဘဲနဲ့ ထိုးရတာပါဘုရား)၊ အောင်မယ်လေး၊ မဟုတ်ဘဲနဲ့များ ကိုယ်ထိုးချင်လို့ ထိုးတာပဲ၊

ချဲထိုးလို့ ချမ်းသာတဲ့သူ ဘယ်နှစ်ယောက် ရှိလဲ ပြော၊ ဟိုမှာ ဟောခဲ့ပြီးပြီ၊ အဲဒီတရားတိတ်ခွေတွေသာ နားထောင်တော့ မိုးယိုတာတွေ ဘာတွေ ဟောခဲ့ပြီးသား၊ သူများတွေ ချမ်းသာတာကို ကြည့်ပြီးတော့ သူများတွေ ချဲပေါက်တာကို ကြည့်ပြီးတော့ ဒို့လဲပဲ ချမ်းသာမယ်၊ ဒို့လဲပဲ ချဲပေါက်လိမ့်မယ်ထင်ပြီးတော့ လျှောက်မထိုးပါနဲ့။

www.burmeseclassic.com

www.burmeseclassic.com



သုံးလုံးဆိုရင် အကွက်တစ်ထောင်မှ ဘယ်နှစ်ကွက်ပေါက်လဲ၊ (တစ်ကွက်ထဲပေါက်တာပါဘုရား)၊ စဉ်းစားကြည့်ပေါ့၊ တစ်ထောင်လုံးထိုးတာတောင်မှ ဘယ်လောက်ပဲ ရမလဲ၊ တစ်ကွက်ပဲ ရမယ်ဆိုတော့ ဘယ်လိုလုပ် ချမ်းသာဖို့လွယ်မတုံး။

အမလေး ကြက်ကန်းဆန်အိုးတိုးသလို ဟိုနားချိတ်မိ၊ ဒီနားချိတ် မိ၊ အဲဒါကိုပဲ အဟုတ်ထင်ပြီး အရူးထနေတာ။

သလာဘံ–ကိုယ်ရထားတဲ့ အခွင့်အရေးကိုလဲ အထင်မသေးပါနဲ့၊ ကျေနပ်၊ သူများရထားတဲ့ အခွင့်အရေးကိုလဲ အတင်းအဓမ္မမက်မက်မောမော မလုပ်နဲ့၊ အဲဒီလို လုပ်နေတဲ့အတွက်ကြောင့်မို့ စိတ်ဆင်းရဲပြီး နေကြရတာပါ။

အို–သူတော်ကောင်းတို့၊ ကိုယ်ရတာကိုမကျေနပ်လို့လဲ စိတ်ဆင်းရဲကြပါတယ်။ သူများရထားတွေကို လိုချင်လို့လဲ စိတ် ဆင်းရဲကြ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ နှစ်မျိုး၊ ဘာလို့စိတ်ဆင်းရဲ ရတာလဲ သိပလား၊ (မှန်ပါဘုရား) ကိုယ်ရတာကျတော့ မကျေနပ်ဘူး၊ သူများရထားတာကျတော့ အတင်းလိုချင်။ အဲဒါတွေကြောင့်မို့ စိတ်ဆင်းရဲ နေရတာ၊ ပေါ့ပေါ့တန်တန် မတွက်လိုက်ပါနဲ့၊ ကိုယ့်ဟာက ကိုယ့်ဟာ၊ သူ့ဟာက သူ့ဟာ။

အရေးကြီးတယ်နော် ဒီစကား၊ ပေါ့ပေါ့ တန်တန် မပြောဘူး၊ ကိုယ့်ဟာဟာဘယ်သူ့ဟာ၊ (ကိုယ့်ဟာပါဘုရား)၊ အမယ် . . . တော်တော် သိပါလား၊ 'ကိုယ့်ဟာဟာ ကိုယ့်ဟာ'တဲ့၊ သူများ ဟာဟာ ဘယ်သူ့ဟာ၊ (သူများဟာပါဘုရား)။ အဲဒီတရားသဘောလေးကို ပေါ့ပေါ့တန်တန် မတွေးနဲ့။

"ကိုယ့်ဟာဟာ ကိုယ့်ဟာ၊ သူ့ဟာဟာ သူ့ဟာ" အဲဒါလေးကိုသာ ဉာဏ်ထဲ၊ စိတ်ထဲ ထည့်၊ အဲဒါလေးကိုသာ စိတ်ထဲ အမြဲကပ် ထားရင် ကိုယ့်ဟာဟာ ကိုယ့်ဟာ၊ သူ့ဟာဟာ သူ့ဟာ၊ သဘောပေါက်လား၊ (မှန်လှပါဘုရား)၊

www.burmeseclassic.com

www.burmeseclassic.com



သူ့ဟာကို ကိုယ့်ဟာ ထင်ပြီးတော့လဲ သူတစ်ပါး အသက်တွေကို သတ်နေကြပါတယ်။ သူ့ဟာကို ကိုယ့်ဟာ ထင်ပြီးတော့လဲ သူများပစ္စည်းတွေကို ခိုးနေကြပါတယ်။ သူ့ဟာကို ကိုယ့်ဟာထင်ပြီး တော့လဲ မကောင်းမှုတွေ လွန်ကျူးနေကြ ပါတယ်။

သူ့ဟာကို ကိုယ့်ဟာထင်ပြီးတော့လဲ လိမ်ညာဝါကြွား ပြီးတော့ ပြောနေဆိုနေကြ ပါတယ်၊ သူ့ဟာကို ကိုယ့်ဟာထင်ပြီးတော့လဲ ကုသိုလ်တရားတွေကို မေ့လျော့နေကြပါတယ်။ သူများဟာကို ကိုယ့်ဟာထင်၊ ကိုယ့်ဟာ ဖြစ်ချင် ပြီးတော့ ငါးပါးသီလတွေ ဖောက်ဖျက်ကျူးလွန် ကုန်ကြပါတယ်။ လူ့ကျင့်ဝတ်, လူ့သိက္ခာ, လူ့စည်းကမ်းတွေကို ဖျောက်ဖျက်ပစ်ကုန်ကြ ပါတယ်။

လောကမှာ ကြောက်စရာအကောင်းဆုံးကို ပြောပါဆိုရင် ''သူများဟာကို ကိုယ့်ဟာ ထင် တာ''၊ ထင်ဖူးလား၊ သူများဟာ ကိုယ့်ဟာ

www.burmeseclassic.com

www.burmeseclassic.com



ထင်ဖူးလား၊ (မှန်ပါ၊ ထင်ဖူးပါတယ်ဘုရား)။ ဒီတစ်ပတ်တော့ ငါက ဘယ်လောက်ဖိုးထိုးရင် သေချာပေါက်ရတော့မှာပဲ၊ ကဲ–အဲဒါ တွေဟာ ကိုယ့်ဟာလား၊ သူ့ဟာ လား၊ (သူများဟာတွေပါ ဘုရား)၊ ဟုတ်လား၊ သူများဟာကြီးလေ၊ သူများ ဟာကို ကိုယ့်ဟာထင်နေတာနော်။ ဒါနဲ့ပဲ ကုန်၊ မွဲ၊ စိတ်ဆင်းရဲရတာတွေ။

ပေါ့ပေါ့မတွက်နဲ့၊ မိမိတို့တစ်တွေဟာ သူတော်ကောင်းတွေ, ဉာဏ်ရှိတဲ့လူတွေ ဖြစ်တယ်၊ တရားဓမ္မတွေ နာကြားရတယ် ဆိုကတည်းက ပင်ကိုအသိဉာဏ် ရှိပြီးသားပါ၊ ရှိနိုင်တယ်။

စဉ်းစားလိုက်ကြပါကုန်လော့။ "ကိုယ့်ဟာက ကိုယ့်ဟာ"၊ "သူများဟာက သူများဟာ"၊ သူ့များဟာကို ကိုယ့်ဟာထင်ရင် ပြဿနာတွေ မျိုးစုံပေါ်လာတတ်ပါတယ်။ ပြဿနာဘာလို့ ရှုပ်တာလဲဆိုရင် သူများဟာတွေကို ကိုယ့်ဟာ ထင်လို့။ ဒီလိုပဲ ပြောရတော့မှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



မသိ မလိမ္မာ၊ မလိမ္မာမို့ မလိမ္မာ ကလေး အရွယ်တွေက သူများဟာ ကိုယ့်ဟာထင်ပြီး လုကြ ဝှက်ကြ အော်ကြ ဟစ်ကြတာ တော်ပါ တယ်၊ ဟုတ်လား၊ (မှန်လှပါဘုရား)၊ ဆံပင်ကလဲ ဖြူနေပြီ၊ မျက်မှန်ကလဲ တပ်ထားရပြီ၊ အသက် အရွယ်ကလဲ ကြီးပြီ၊ ပင်စင်ကလဲ ရပြီ၊ အလကားနေလို့ လူ့ဘဝအားနေပြီ။

အဲဒီကျတော့မှ အမလေး – ဒီအကွက်က တော့ သေချာပေါက်ပေါက်မယ်။ သူများဟာ ကိုယ့်ဟာ ထင်တာမဟုတ်ဘူးလား၊ ကိုင်း – (မှန်လှပါဘုရား)။ ဟုတ်လား၊ သေချာလား။

အဲဒါနဲ့ပဲ ဟိုဟာလေးဆို ငါဘယ်လောက် ဖိုးရမယ်၊ ဒီဟာလေးဆို ဘယ်လောက်ဖိုးရမယ်။ ဒါနဲ့ ချဲထိုး၊ ချဲထိုးပြီး သူ့ဟာမရပဲ ကိုယ့်ဟာ ပါသွားရော၊ ဒါနော် သူတို့သိတဲ့ ချဲထိုးတဲ့ဥပမာနဲ့ ဟောပေးနေ ရတာ။

တကယ်တမ်းကျတော့ လောကကြီး တစ်ခုလုံးကို ကြည့်ပါ၊ သူကလဲ သူ့ဟာနဲ့

www.burmeseclassic.com

www.burmeseclassic.com



သူ့အလုပ် သူလုပ်နေရလေကုန်၏၊ ကိုယ်ကလဲ ကိုယ့်ဟာနဲ့ ကိုယ့်အလုပ် ကိုယ်လုပ်နေကြရပါတယ်။ သူ့ဟာနဲ့သူ သူ့အလုပ်သူလုပ်၊ ကိုယ့်ဟာနဲ့ကိုယ် ကိုယ့်အလုပ်ကိုယ်လုပ်။

ကုန်ကုန်ပြောလိုက်မယ်၊ သူတော်ကောင်းတို့–ကိုယ့်သတိဟာ ကိုယ့်သတိ၊ သူများ သတိမဟုတ်နိုင်၊ သူများ သတိဟာလဲ သူများ သတိ ကိုယ့်သတိ မဖြစ်နိုင်။ ကိုယ့်သတိကလည်း သူ့အလုပ်သူလုပ်လို့၊ သူ့သတိကလည်း သူ့အလုပ်သူလုပ်လို့။

ကိုယ့်ကုသိုလ်ဟာ ကိုယ့်ကုသိုလ်၊ မိဘကုသိုလ်ဟာ မိဘကုသိုလ်၊ သားသမီးကုသိုလ်ဟာလည်း သားသမီးကုသိုလ်ပါပဲ။ သဘောပေါက်လား၊ (ပေါက်ပါတယ်ဘုရား)။ ဒီကုသိုလ်တွေကလည်း သူ့အလုပ်သူလုပ်နေကြတာပါပဲ။

ညနေကပဲ ဦးပဍ္ဍင်းတို့ တူမတွေ နှင့်ယောက် မန္တလေးက ကျောင်းဆရာမတွေ

www.burmeseclassic.com

www.burmeseclassic.com



လာကြပါတယ်၊ သူတို့က ပြောတယ်၊ ဘာပြော လဲဆိုတော့ . . . 'သူတို့၊ ထီပေါက်ချင်လိုက် တာတဲ့၊ (၁၀) သိန်းလောက် ပေါက်လိုက်ရင် တော့ သူ့အဖေကို ပေးပစ်လိုက်ချင်တာ''တဲ့။ ဒါက ကောင်းတဲ့ စိတ်ဓာတ်ပါပဲ၊ အဖေ့ကို ပေးချင်တာဟာပေါ့။

သူ့အဖေက အရင်တုန်းက ဘုရား တရား မရှိ၊ ဘာသာမရှိ၊ အကုသိုလ်များခဲ့တယ်။ အရင်တုန်းက သူက ပြောခဲ့တာကို အမေလေး လှူတာ ဘာလုပ်မလဲ၊ ဘာအကျိုးရှိမလဲ၊ ကုန် တာပဲ အဖတ်တင်တယ်။ ဘုန်းကြီးတွေ၊ သီလ ရှင်တွေ လှူတာ ဘုရားတစ်ဆူလှူတာ ချမ်းသာ ကျိုးပေးမယ်ဆိုတာ မယုံပါဘူးတဲ့၊ တရားအသိ သဒ္ဓါမရှိတော့၊ ယုံမှ မယုံဘဲကိုး။ မိမိမှာ အဲဒီ ကုသိုလ်တွေကို လုပ်လို့ အဲလို (၁၀)သိန်း အကျိုးပေးမဲ့ ကုသိုလ်ဖြစ်ခဲ့ပါအုံးတော့လို့ ကိုယ့် အတွက် ကိုယ်လုပ်တဲ့ ကုသိုလ်က ကိုယ့်ပဲ အကျိုးပေးမှာ ကိုယ်ပဲ ခံစားခွင့်ရှိတာ။ ဘာကယ်

www.burmeseclassic.com

www.burmeseclassic.com



လို့များ အဖေက အကုသိုလ်များခဲ့ရင် အဖေ့အတွက်ဆိုရင် အကုသိုလ်များခဲ့တဲ့အတွက် မရနိုင်ဘူးလို့ (၁၀) သိန်း ပြောလိုက်တယ်။

အဲဒီတော့ နားလည်ရမှာက ကိုယ့်ကုသိုလ်ကသာလျှင် ကိုယ့်ကို အကျိုးပေးတယ်။ သူ့ကုသိုလ်ကသာလျှင် သူ့ကို အကျိုးပေးတယ်၊ အဲလိုပဲ ကိုယ့်အကုသိုလ်ကလဲ (ကိုယ့်ကိုအကျိုးပေးတယ်)။ သူ့အကုသိုလ်ကလဲ (သူ့ကို အကျိုးပေးတာပဲ) ဦးပဥ္စင်းက အဲဒီလို ပြောတော့ ဟုတ်တယ်ဘုရား၊ ဘုန်းဘုန်း'တဲ့၊ တပည့်တော်လေ အမေအတွက်ဆိုပြီးတော့ ရည်စူးပြီး ကုသိုလ်လုပ်တော့ အဲဒီလို ကောင်းကျိုးချမ်းသာတွေဟာ လုပ်ရင်လုပ်သလိုရတယ်၊ အဖေ့အတွက် ရည်စူးပြီး လုပ်တယ် ဆိုရင် ကောင်းကျိုးချမ်းသာ ဆိုတာတွေ မရဘူးတဲ့။

အဖေပြုခဲ့တဲ့ အကုသိုလ်ကံတွေဟာ အဖေအတွက် ဆိုရင်မိမိပြုခဲ့တဲ့ ကုသိုလ်ကြောင့် ရမဲ့ဟာတွေကိုတောင် နှောင့်ယှက်ဖျက်

www.burmeseclassic.com

www.burmeseclassic.com



ဆီးနိုင်တယ်။ အဖေ့ဖို ဆိုရင် မရတဲ့။ အဖေနဲ့ မဆိုင်တော့ပဲ အမေ့ဖို့ဆိုရင် အမေက ကုသိုလ်ရှိတော့ ကောင်းကျိုးရပါတယ်။ သေချာသဘော ပေါက်နော်၊ ဟုတ်လား၊ (မှန်လှပါဘုရား)။

သားရဲ့ကုသိုလ်၊ သမီးရဲ့ကုသိုလ်၊ သား သမီးတွေရဲ့ ကုသိုလ်ကို မိဘက မရနိုင်၊ မိဘရဲ့ ကုသိုလ်ကို သားသမီးတွေက မရနိုင်၊ ကိုယ် လုပ်မှ ကိုယ်ရတယ်။ ကိုယ့်ကုသိုလ်၊ ကိုယ့် ကောင်းကျိုး။ အမျှဝေတာတောင်မှ သာဓု ခေါ်နိုင်မှ ရတယ်၊ သာဓုမခေါ်နိုင်ရင် ကုသိုလ်ကို ဝမ်းမြောက်မှုမပြုနိုင်ရင် မရပါဘူး။

ဦးပဉ္စင်းတို့၊ အံ့ဩစရာကောင်းတာလေ၊ ရဟန္တာအရှင်မြတ်တစ်ပါး ရဟန္တာဖြစ်လာမည့် အရှင်မြတ်တစ်ပါး၊ ဘွဲ့နာမည်က လောသက တိဿတဲ့၊ ဒီတရားကို နားဖူးကြမှာပါ။

ရဟန္တာဖြစ်မဲ့ ဉာဏ်ပါပေမဲ့ ဒါနကို ဖျက် ဆီးတဲ့ အကုသိုလ်ကံက ပါလာတယ်။ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



ကလေးကို မွေးဖွားတယ်၊ ဘယ်မှာ မွေးသလဲ ဆိုတော့ တံငါရွာကြီးမှာ မွေးတာ၊ အိမ်ခြေတစ်ထောင် ရှိတယ်၊ သူမွေးတယ် ဆိုကတည်းက အဲဒီတံငါ ရွာကြီးက ဘာငါးမှ ဖမ်းမရဘူးတဲ့၊ အဲဒါနဲ့ ရွာကို နှစ်ခြမ်းခွဲ၊ ငါးရာစီစုပြီးတော့ တစ်ဖွဲ့စီခွဲလိုက်တော့ သူပါတဲ့ဘက် အိမ်ခြေငါးရာက ဘာငါးမှ ဖမ်းမရဘူး။ ကျန်တဲ့အိမ်ငါးရာက ငါးတွေဖမ်းရတယ်၊ စီးပွားဖြစ်တယ်ပေါ့။

နောက် နှစ်ရာ့ငါးဆယ်စီခွဲ၊ သူပါတဲ့ဘက်က ဘာငါးမျှ ဖမ်းမရဘူး၊ နောက် တစ်ရာနှစ်ဆယ့် ငါးခွဲ၊ တစ်ဝက်စီခွဲ၊ တစ်ဝက်စီ နောက်ဆုံး နှစ်အိမ် ကျန်တော့တယ်။ နှစ်အိမ်ကျန်တော့ ပြန်ခွဲလိုက်၊ သူရှိတဲ့အိမ်က ဘာငါးမှ ဖမ်းမရ၊ ဘာစီးပွားရေးမှ မဖြစ်တော့ဘူး'တဲ့။ ဘယ်သူက တားသလဲဆိုရင်၊ အကုသိုလ်ကံက တားတာ၊ သူ့အပြစ်က သူ့ကို တားပါတယ်၊ သူ့အကုသိုလ်က သူ့ကိုယ်တားသလို တခြားအကုသိုလ်ရှိခဲ့တဲ့သူတွေဟာလည်း သူ့နဲ့ ထားဆုံ

www.burmeseclassic.com



ကြံပြီး အကုသိုလ်တွေ သူ့ကံနဲ့သူ အကျိုးပေး ရတာကို နားလည်ဖို့ပါပဲ။

အို–သူတော်ကောင်းတို့၊ ကိုယ့်ဟာဟာ (ကိုယ့်ဟာပါဘုရား) သူ့ဟာဟာ၊ (သူ့ဟာ ပါဘုရား)၊ အဲဒါတော့ သဘောပေါက်နော်၊ အခု ဒီအသိကို ဉာဏ်နဲ့ လက်ခံတာ သေချာလား၊ (သေချာပါမြဲဘုရား)၊ ကိုယ့်ဟာက (ကိုယ့်ဟာ) သူ့ဟာက (သူ့ဟာ) တစ်ချို့က မဟုတ်ဘူးနော်၊ သူ့များပိုင်ဆိုင်တာတွေကို ကိုယ့်ဟာဖြစ်ချင်၊ ကိုယ်ပိုင်ချင်ကြတယ်။ သူများဟာ ကိုယ့်ဟာထင် ပြီး ကိုယ့်ဟာ ဖြစ်ချင်ကြတယ်။ ကိုယ်ရတာနဲ့ ကိုယ့်ဟာနဲ့ကို ကျေနပ်ရမှာပါ။

ကိုယ့်ဟာက ကိုယ့်ဟာပါ၊ သူ့ဟာက သူ့ဟာပါ၊ လောကမှာ တရားသဘောတွေက နဂိုက ရှိပြီးသားပါ၊ ဘုရားရှင်ကိုယ်တော်မြတ် ကြီးက ကိုယ့်ဟာက ကိုယ့်ဟာ၊ သူ့ဟာက သူ့ဟာလို့ သိအောင် ပြောပေးဟောပေးပါတယ်။ သဘောပေါက်လား မသိဘူး၊ (ပေါက်ပါတယ်

www.burmeseclassic.com



ဘုရား)။ ကိုယ့်ဟာကို ကိုယ့်ဟာ၊ သူ့ဟာကို သူ့ဟာလို့ သဘောမပေါက်ဘဲနဲ့၊ သူများဟာတွေကို ကိုယ့်ဟာထင်လို့ သတ်ကြ၊ ဖြတ်ကြ၊ လုကြ၊ ယက်ကြ၊ အကုန်ဒုက္ခရောက်ကုန်ရတာပါ။

ကနေ့ကစပြီး သဘောပေါက်လိုက်စမ်းပါ၊ သူ့ဟာက (သူ့ဟာပါဘုရား)။ ကိုယ့်ကုသိုလ်က ကိုယ့်ကုသိုလ်ပါ၊ ကိုယ့်သဒ္ဓါတရားက ကိုယ့်သဒ္ဓါတရားပါ၊ ကိုယ့်သတိတရားက ကိုယ့်သတိတရားပါ၊ ကိုယ်ကောင်းတာ လုပ်ရင် ကိုယ်စံရမည်၊ ကိုယ်မကောင်းတာ လုပ်ရင် ကိုယ်ခံရမည်၊ ကိုယ့်ကံနဲ့ကိုယ်နော်။ ပေါ့ပေါ့တန်တန် မတွက်လိုက်ပါနဲ့။

ဘာလို့ စိတ်ဆင်းရဲနေကြတာလဲ ဆိုရင် ကိုယ့်ဟာကိုယ့်ဟာ မထင်၊ သူများဟာကို ကိုယ့်ဟာ ထင်နေကြလို့၊ နောက်ပြီးတော့ ကိုယ်ရထားတဲ့ အခွင့်အရေးနဲ့လဲ မကျေနပ်၊ သူများရတဲ့ အခွင့်အရေးကို အတင်းလုချင်နေကြလို့၊ ဝှက်ချင်နေကြလို့၊ ယက်ချင်နေကြလို့၊ နှိုင်ထက်

www.burmeseclassic.com

www.burmeseclassic.com



ကလူ ပြုချင်နေကြလို့။ အဲဒါကြောင့်မို့လို့ စိတ်ဆင်းရဲပင်ပန်းပြီး အကုန်လုံး ဒုက္ခရောက်နေကြတာပါ။ ရှင်းလား၊ (ရှင်းပါတယ်ဘုရား)။

တစ်အိမ်ထဲမှာ စုပေါင်းပြီး နေကြတာတောင်နော်၊ သူ့အကန့်နဲ့သူ၊ အဖေပိုင်တာအဖေ၊ အဖေရပိုင်ခွင့်က သတ်သတ်၊ အဖေနဲ့ဆိုင်တာ အဖေရပိုင်ခွင့်ပဲ၊ အမေနဲ့ဆိုင်တာအမေရပိုင်ခွင့်ပဲ၊ သားသမီးနဲ့ဆိုင်တာ သားသမီးတွေရဲ့ ရပိုင်ခွင့်ပဲ၊ သွားရောလို့ မရဘူး။ ထမင်းသာ အတူတူ စားလို့ ရမယ်၊ ကံရောလို့မရဘူး၊ ဟုတ်လား၊ အကျိုးပေးခံစားစံစားရတဲ့ ရပိုင်ခွင့်တွေကိုလဲ ရောလို့ မရဘူး၊ သူ့အကန့်နဲ့သူပါပဲ။ စောစောက လောသကတိဿအရှင်မြတ်လေ၊ အဲသလိုမျိုး ဆင်းရဲဒုက္ခ မကောင်းကျိုးတွေပေးခဲ့လိုက်ရတာ၊ ဘယ်လောက်ကြောက်စရာကောင်းသလဲ။ ဒီအကုသိုလ်ကံတွေက အကျိုးပေးလိုက်တာ၊ ဘယ်အကုသိုလ်ကံလဲ ဆိုရင်ဟိုအရင် ဘဝတစ်ခုက ရဟန်းဖြစ်ခဲ့စဉ်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကို အာဂန္တုရဟန်း ရောက်လာတယ်၊ ကျောင်းဒါယကာ ဒါယိကာမတွေက ကြည်ညိုတယ်၊ ဒါကို သူက သိပ်မကျေနပ်ဖူး၊ အတူဆွမ်းစားပင့်တော့ ခေါ်လည်း မသွားချင်၊ အသိမပေးရာလည်း မရောက်အောင် တုံးခေါက်တဲ့အခါ လက်သည်းဖျားလေးနဲ့ပဲ ခေါက်ပြီးနိုးခဲ့တာ။ ဒီစိတ် ဒီအလုပ်တွေဟာ အကုသိုလ်ဖြစ်တာပါ။

အရင်ဘဝတုံးက ရဟန်းတစ်ပါးကို ဆွမ်းမကျွေးချင် ဒါယကာ ဒါယိကာမတွေ ခင်လို့လေ၊ တုံးခေါက်တယ်ဆိုတာ လက်သည်းလေးနဲ့ခေါက်ခဲ့တာကိုး။ နောက်ပြီး ဆွမ်းမကျွေးချင်လို့၊ သူ့ဒကာကို ဒီရဟန်းက ခင်သွား ရင်းနှီးသွားမှာစိုးရိမ်လို့၊ သူ့ဒကာက ဒီရဟန်းကို ကြည်ညိုသွားမှာစိုးလို့၊ အဲဒီအကုသိုလ်ကံက ဘယ်တော့မှမခွာပဲ အမြဲဆိုသလို မကောင်းတာတွေတောက်လျှောက်ကို အကျိုးပေးလိုက်လာတာ၊ နောက်ဆုံး ရဟန္တာဖြစ်မဲ့ ဘဝမှာအောင်မှ

www.burmeseclassic.com

www.burmeseclassic.com



အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးနဲ့ တွေ့တော့ ခွက်လက်ဆွဲပြီး တောင်း စားနေရတဲ့ ဘဝကို ရောက်နေရသေးတယ်။ အဲဒီကလေးလေးကို အရှင်မြတ်ကြီးက ကိုရင် ဝတ်ပေးလိုက်တယ်။ နောက်ဆုံး ရှင်ပြုရဟန်း ခံပေးလိုက်တော့ ရဟန်းဖြစ်သွား၊ ကုန်ကုန်ပြော လိုက်မယ်၊ တရားဓမ္မတွေ အားထုတ်လိုက်တော့ ရဟန္တာ ဖြစ်သွားရော၊ ရဟန္တာဖြစ်တဲ့အကြောင်းရင်း အသိဉာဏ်ပြည့်စုံတော်မူတာက သတ်သတ်၊ ဒါနကို တားခဲ့တဲ့ အကုသိုလ်အကျိုးပေးလို့ ဆင်းရဲမွဲတေ ငတ်ပြတ်တဲ့ ဘဝရောက်ရတာက သတ်သတ်စီပါပဲ။

အဲဒီအရှင်မြတ် ရဟန္တာဖြစ်သွားတဲ့အထိ တစ်ရက်မျှကို ဆွမ်းဝဝ စားမသွားရဘူးတဲ့၊ တစ်ရက်မှ ဆွမ်းဝဝ မစားရဘူးတဲ့၊ အကုသိုလ် က များများ မလုပ်ခဲ့ပါဘူး။ကဿပဘုရားရှင် ကိုယ်တော်မြတ်ကြီးလက်ထက်တော်တုန်းက သူလဲ ဘုန်းကြီးတဲ့၊ သူလဲ ရဟန်းပဲ၊ အခြား

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းတွေကို သူ့ဒကာတွေနဲ့ ပေးတွေ့ပြီးတော့ ကြည်ညိုပြီးတော့ သူတို့ပဲ လှူမှာစိုးလို့ မနက်အချိန် တုံးမောင်းခေါက် ဆွမ်းစားနှိုးတာကို မောင်းတံနှင့် မထုဘဲနဲ့ တူနဲ့ မထုဘဲနဲ့ လက်သည်းလေးနဲ့ ခေါက်ခဲ့တာပါပဲ၊ သူများရပိုင်ခွင့်ရှိတာကို ကိုယ်တစ်ဦးထဲ ရချင်၊ ပိုင်ချင်တဲ့စိတ်၊ အဲဒီမသိနားမလည် မလိမ္မာမှုကြောင့် ဖြစ်ခဲ့ရတာပေါ့။

မနာလိုဝန်တိုဖြစ်ခဲ့တဲ့ အကုသိုလ်တဲ့၊ ရဟန္တာဖြစ်တဲ့အထိ ဆွမ်းတစ်ခါမှ ဝအောင်မစားရဘူးတဲ့၊ ဒါက ဟိုရဟန္တာ ပြောတာပါ၊ ဒီကလူတွေကတော့ မနာလို မဖြစ်ဘူးပါဘူး၊ ဖြစ်ဘူးသလား၊ (မဖြစ်ပါဘူးဘုရား)။ တရားပွဲမှာဖြစ်လို့ ဒီလိုဖြေတာနော်၊ တကယ်တမ်းက မနာလိုဖြစ်ဖူးတဲ့ သူတွေချည်းပဲ များတယ်။ ပေါ့ပေါ့တန်တန် မတွက်လိုက်ပါနဲ့၊ တစ်ချက်ကလေးများလို့ရှိရင် အလျော်ပြန်ပေးလို့၊ ပြန်ဆပ်လို့ မကုန်နိုင်ဘူး။ အကုသိုလ်ဆိုပ်မိရင်

www.burmeseclassic.com



လောကသဘောအလျှော်အစားနဲ့ ပြောရရင် တကယ်ရှုံးတယ်။ ကိုယ်စားရတာက နည်းနည်းပါ၊ ပြန်ပြီး အလျှော်ပေးရတာက မသက်သာဘူး။ အကုသိုလ် ဆိုတာ မကောင်းကျိုးတွေ လိုက်ပေးတယ်နော်၊ ပေါ့ပေါ့မလုပ်နဲ့၊ အကုသိုလ်မှားတာရှိခဲ့ရင် ပြန်ပြီးလျှော်ရတာ၊ ကုသိုလ်ဆိုတာက အမြဲကောင်းကျိုးတွေ စားရတာ ဟုတ်လား၊ (မှန်လှပါဘုရား)။

ကံတော့ကံပါပဲ၊ ကံက နှစ်မျိုးရှိပါတယ်၊ အလျှော်အစားသဘောနဲ့ ပြောရင် လျှော်ရတဲ့ကံရှိတယ်၊ စားရတဲ့ကံရှိတယ်၊ အကုသိုလ်လုပ်နေရင် အမြဲလျှော်နေရတယ်၊ ကုသိုလ်လုပ်နေရင် အမြဲစားနေရပါတယ်။ အို–သူတော်ကောင်းတို့ ချဲ့ထိုးလိုက်တိုင်း လျှော်လိုက်ရ သလား၊ စားလိုက်ရသလား၊ (လျှော်လိုက်ရပါတယ်ဘုရား) ကဲ့–ဘယ်လောက် အကုသိုလ်ကြီးသလဲ ကြည့် အမြဲတမ်း ထိုးသားတွေက လျှော်နေရတာ၊ စား လိုက်ရတာဟာ အကုသိုလ်ကြီးလို့ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အကုသိုလ်ကံ မကောင်းတဲ့ အလုပ်ဆိုတာ ကြောက်စရာကြီးပါ။ သူများကို ဟိုမှာတစ်ချက် ကလေး မနာလိုဖြစ်တာနဲ့ ရဟန္တာဖြစ်တဲ့အထိ ဆွမ်းဝဝမစားရဘူးနော်၊ နောက်ဆုံး ရဟန္တာ ဖြစ်ပြီးတော့ ဆွမ်းခံတာလေ၊ ဆွမ်းခံလို့ သပိတ် ထဲလောင်းထည့်၊ ပျောက်သွား၊ သပိတ်ထဲ လောင်းထည့်၊ ပျောက်သွား၊ နောက်ဆုံး အရှင် သာရိပုတ္တရာ မထေရ်မြတ်ကြီးကလေ ကိုယ်တော် တိုင် ဆွမ်းခံလှည့်တယ်။ အရှင်မြတ်ကြီး ဆွမ်းခံတော့ ရတာပေါ့။ ဆွမ်းတွေရလာတော့ အဲဒီအရှင်မြတ် သပိတ်ထဲကို လောင်းထည့် လိုက်တယ်၊ ထည့်လိုက်တာနဲ့ ဆွမ်းတွေ ပျောက် သွားရော။ ဘယ်လောက်များ အံ့စရာကောင်း လိုက်သလဲ၊ ကံဆိုးတော့ အကျိုးပေးဆိုးတာပေါ့။

နောက်ဘဝိတ်ဆုံးကျတော့ အဲဒီအရှင်မြတ် ပရိနိဗ္ဗာန် စံခါနီးနေ့ကျတော့ အဲဒီ အရှင်သာရိ ပုတ္တရာ မထေရ်မြတ်ကြီးက ဆွမ်းခံထွက်ပေးရှာ တယ်၊ ဆွမ်းခံပြီး စားစေချင်လို့ သပိတ်ကလေး

www.burmeseclassic.com



ကိုယ်တော်တိုင် ကိုင်ထားရတယ်၊ အဲဒီလို သပိတ်ကို ကိုင်ထားမှ ဆွမ်းတွေက မပျောက် တော့ဘူး။ အဲဒီလို အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး လက်နဲ့ကိုင်ထားမှ စားနိုင်တာတဲ့၊ ဆွမ်းမပျောက်ဘဲနဲ့ စားနိုင်တာတဲ့၊ အဲဒီတစ်ဘဝ လုံးမှာ ရဟန္တာသာ ဖြစ်သွားတယ်။ အဲဒီနောက် ဆုံး တစ်နပ်ပဲ ဝဝလင်လင် စားတော်မူသွားရ သတဲ့၊ မနာလိုခဲ့တာနော်။

မသိခင်က မနာလိုဝန်တို အကုသိုလ်ဖြစ် ခဲ့တာတွေဟာ ရဟန္တာဖြစ်တဲ့ ဘဝအထိ လိုက်ပြီး အကျိုးပေးတာ၊ ဘယ်လောက်များ အကုသိုလ် ဟာ ဆိုးလွန်းသလဲ။

သူများပြည့်စုံမှာကို မနာလိုဝန်တိုဖြစ်မိတာ ဟာ စိတ်လည်း မတည်ကြည်၊ မချမ်းသာ၊ အကုလိုလ်လည်း ဖြစ်တာပေါ့။

ဒီက တရားနာနေတဲ့ လူတွေကတော့ မနာလိုမဖြစ်ဘူးပေါ့ ဟုတ်လား၊ ထင်းငတ်၊

www.burmeseclassic.com

www.burmeseclassic.com



ဟင်းငတ်၊ ဆင်းရဲဖို့ရာအတွက် မကြုံချင်ရင် မနာလိုမဖြစ်နဲ့၊ ကိုယ့်ရှိတာကို သူများကျွေးတယ် ပေးတယ်ဆိုရင် သူများကလဲ ကိုယ့်ကို ကျွေးမှာပဲ၊ ပေးမှာပါပဲ။ ဒီလိုနားလည်ဖို့ပါ၊ အကျိုးကို မျှော်စရာမလိုပေမဲ့ အကျိုးကတော့ ပေးမှာပါပဲ၊ ဒါဓမ္မနိယာမပါ၊ ကိုယ့်ရှိတာ သူများပေးရင် သူများကလဲ ကိုယ့်ကို ပေးတတ်ကြပါတယ်။ ဒါဓမ္မနိယာမ။ လောကရဲ့သဘောအမှန်တွေပါ၊ ဟုတ်ရဲ့လား၊ (မှန်လှပါဘုရား)။

ကိုယ့်ဟာကျတော့ ကတ်စီးနဲ့၊ နှမြောတွန့်တိုတတ်တယ်၊ ညီအစ်မချင်းတောင် အတူနေ အတူစားရင် မတည့်ဘူး၊ ညီအစ်ကိုချင်းတောင် မပေးချင်ဘူး မကူညီချင်ဘူးဆိုတော့ပြီ၊ ဒီလူဘယ်လိုလုပ်ပြီး ပစ္စည်းချမ်းသာ လူချမ်းသာ ဖြစ်နိုင်ပါအုံးမလဲ။

သလာဘံ နာတိမဉ္စေယျ၊

နာ'ဉ္စေသံ ပိဟာယံ စရေ။

www.burmeseclassic.com

www.burmeseclassic.com



အညေသံ ပိဟာယံ ဘိက္ခု၊
သမာဓိ နာဓိဂစ္ဆတိ။

ကိုယ်ရထားတဲ့ ရပိုင်ခွင့်ကို ကျေနပ်၊ အလုပ်ကိုတော့ မကျေနပ်နဲ့၊ ကုသိုလ်ကို ကြိုးစား၊ သူများရထားတဲ့ အခွင့်အရေး၊ သူများရထားတဲ့ စီးပွားဥစ္စာ၊ သူများရထားတဲ့တိုက်တာ အဆောက်အဦး၊ သူများရထားတဲ့ ရာထူး ဂုဏ်သိမ် အစရှိတာတွေကို သွားပြီးတော့ မမက်မောနဲ့၊ မလိုချင်နဲ့အဲသလို မက်မောနေလို့၊ လိုချင်နေလို့ ကိုယ်ပဲ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်နေကြရတာပါ။

ဘာလို့ စိတ်ဆင်းရဲတာလဲဆိုရင် "ကိုယ့်ဟာ ကိုယ့်ဟာ"လို့ သဘောမပေါက်ကြဘူး၊ "သူ့ဟာကို သူ့ဟာ"လို့ သဘောမပေါက်ဘူး၊ အဲဒီလို သဘောမပေါက်လို့တဲ့၊ သူများဟာ ကိုယ့်ဟာဖြစ်ချင်လေလေ စိတ်ဆင်းရဲလေလေ ပဲတဲ့၊ ရှင်း လား၊ (ရှင်းပါတယ်ဘုရား)။ ကိုယ့်ဟာ ကိုလဲ သူများဟာ မဖြစ်စေချင်လေလေ စိတ်

www.burmeseclassic.com



ဆင်းရဲလေလေပဲတဲ့၊ ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)။

ဒါကြောင့် မိမိတို့တရားအားထုတ်တယ်ဆိုတာ တရားအားထုတ်နည်းဆိုတာ ဟိုလိုဒီလိုမထင်နဲ့၊ ဝိပဿနာအလုပ် အားထုတ်တဲ့နည်းကိုပြောပါဆိုရင် သူ့ဟာဟာ သူ့ဟာပဲ၊ ကိုယ့်ဟာဟာကိုယ့်ဟာပဲလို့ ပထမဦးဆုံး သိအောင် အားထုတ်ရတာပါ။ အဲဒါပါပဲ၊ ကံ, ကံရဲ့အကျိုးကို နားလည်တယ်ဆိုတာ ဗုဒ္ဓဘာသာရဲ့ ဉာဏ်အားလုံးရဲ့အခြေခံပါပဲ။

ကနေ့ကစပြီး တရားပွဲပြီးလို့ ပြန်သွား ရင်အလကား စကားတွေ မပြောကြနဲ့တော့၊ တကယ်လို့ ပြောချင်ရင်တောင်မှ တခြားစကားမပြောဘဲ 'အော်၊ သူ့ဟာက သူ့ဟာ၊ ကိုယ့်ဟာက အောင်မယ်၊ မရယ်နေကြနဲ့၊ ဒါကရယ်စရာမဟုတ်ဘူး၊ ပေါ့ပေါ့မတွက်နဲ့ ဒါအရေးကြီးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်ထားတာ အခွင့်အရေးကို ကျေနပ်၊ မကျေနပ်ရင် စိတ်ဆင်းရဲတတ်ကြလေကုန်၏၊ သူများပိုင်ထားတာတွေကို အတင်းအဓမ္မ မလိုချင်နဲ့၊ လိုချင်ရင် စိတ်ဆင်းရဲတတ်ကြလေကုန်၏။

သလာဘံ နာတိမညေယျ၊
နာ'ညေသံ ပိဟယံ စရေ။
အညေသံ ပိဟယံ ဘိက္ခု၊
သမာဓိ နာဓိဂစ္ဆတိ။

သူများရထားတဲ့ လာဘ်လာဘကို မက်မောနေပြီး လုပ်နေကိုင်နေ ပြောနေမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်သည် စိတ်မချမ်းသာနိုင်၊ စိတ်မချမ်းသာရင် စိတ်မကြည်၊ သမာဓိမဖြစ်နိုင်၊ တည်ကြည်မှု သမာဓိမဖြစ်လို့ရှိရင် အသိဉာဏ်ပညာဆိုတာ မပေါ်နိုင်၊ အသိဉာဏ်ပညာမရှိတဲ့ သူအတွက် လုပ်သမျှအလုပ်တွေ လွဲ၊ ပြောသမျှ စကားတွေ မှား၊ စဉ်းစားသမျှ၊ အကြံအစည်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးတွေ အကုန်လုံးတက်တက်စင်အောင် လွှဲချော်ကြလေကုန်၏။

ဒါကြောင့်မို့ သဘောပေါက်လိုက်စမ်းပါတဲ့၊ ကိုယ်ရတာနဲ့ ကျေနပ်၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်ကြီးမှာ သီတင်းသုံးတော်မူတဲ့အခိုက် ဒီတရားတော်မြတ်ကြီးက ဖြစ်ပေါ်ခဲ့ရတာပါ။

တရားနာနေတဲ့ ပရိသတ်အပေါင်း အားလုံးတို့ သိကြပါတယ်။ ဒေဝဒတ်ကိုပေါ့၊ ဒေဝဒတ်ဆိုတာ ဘယ်သူလဲ၊ သံဃာသင်းခွဲပြီး ဘုရားရှင်ကို ကလန်ကဆန်လုပ်၊ သွေးစိမ်းတည်အောင်လုပ်တာ၊ ဘယ်သူလဲ၊ (ဒေဝဒတ်ပါ ဘုရား)။ ဒေဝဒတ်က ဘုရားရှင်ကိုယ်တော်မြတ်ကြီးနဲ့ ညီအစ်ကိုဝမ်းကွဲလဲ တော်တယ်၊ ယောက်ဖတော်လဲ တော်တယ်၊ ကြည့်– နဂိုတုန်းကတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို အကြောင်း ပြုပြီးတော့ သာသနာတော်အတွင်း ရဟန်းပြု

www.burmeseclassic.com

www.burmeseclassic.com



လာတယ်၊ ဈာန်အဘိညာဉ်တွေ ဘာတွေရလို့ ရဟန်းတော်တစ်ပါးပါပဲ။

သူဖြည့်ခဲ့တဲ့ ပါရမီ သူမသိဘူး၊ ဘုရားဖြည့်ခဲ့တဲ့ ပါရမီကိုလဲ သူမသိဘူး၊ ကိုယ့်ကံ, ကိုယ့်ဈာန်, ကိုယ့်ဉာဏ်, ကိုယ့်ပါရမီကို ကိုယ်မသိပါဘူး၊ ဘုရားရှင်ရတော်မူထားတဲ့ ဘုရားရှင်ရဲ့ ကံတော်, ဈာန်တော်, ဉာဏ်တော်၊ ပါရမီတော်တွေကိုလည်း သူမသိပါဘူး၊ 'ကိုယ့်ဟာက ကိုယ့်ဟာ၊ သူ့ဟာက သူ့ဟာ' ဆိုတာ မသိဘူးလို့ ဆိုလိုတာပါ။ အဲဒီတော့ သူရထားတဲ့ဈာန် အဘိညာဉ်နဲ့တင် သူက မကျေနပ်ဘူး၊ သူများရထားတဲ့ အခွင့်အရေးမျိုးကိုလဲ လိုချင်ပါတယ်။ နောက်ဘယ်လောက်ထိများ ဖြစ်လာသလဲဆိုရင် ဘုရားရှင်က အဂ္ဂသာဝက တေဒဂ်တွေ ပေးတယ်၊ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး၊ အရှင်မောဂ္ဂလ္လာန် မထေရ်မြတ်ကြီးကို အဂ္ဂသာဝကရာထူး ပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကျတော့ ဒေဝဒတ်က ကြည့်၊ ငါက သူနဲ့ဆွေမျိုး၊ ငါ့နှမလဲ ပေးထားရသေးတယ်၊ တကယ်တမ်း အဂ္ဂသာဝကရာထူးကို ပေးချင်ရင် သူတို့ကို ပေးသင့်မလား၊ ငါ့ကိုလဲ ပေးသင့်တာပေါ့။ သူတို့နဲ့က ဆွေမတော်မျိုးမစပ် ဘာနဲ့မှ တော်တာမဟုတ်ဘူး၊ တကယ်တမ်း ဒီရာထူးကို ပေးချင်း ပေးရင် ဘာလုပ်ရမလဲ၊ ငါ့ပေးရမှာပေါ့၊ ငါပဲရသင့်တဲ့ရာထူး။

ဖြစ်လာတာနော်၊ စိတ်, စိတ်။ စိတ်က တကယ်တမ်းကျတော့ ကိုယ့်ပါရမီ၊ သူ့ပါရမီတွေ ဖြည့်ခဲ့တာကို သူမမြင်၊ သူတို့ သူတို့တွေရဲ့ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာန်တို့ရဲ့ ကုသိုလ်ပါရမီတွေကိုလည်း သူ မမြင်၊ သူများရတဲ့ရာထူး ဌာနန္တရ လာဘ်လာဘကို သူက အတင်းလိုချင်တဲ့အတွက် စိတ်ထားတွေ အကုန် ပြောင်းသွားကြတော့တာပါ။ ဘယ်လောက်ထိ ဆိုးသလဲကြည့်။ သူဖြည့်ခဲ့တဲ့ ပါရမီနဲ့ သူရှိ သူရတာတွေနဲ့ သူကျေနပ်ပေါ့၊ ဈာန်အဘိညာဉ်

www.burmeseclassic.com

www.burmeseclassic.com



တန်ခိုးတွေ ရထားပြီးပြီပဲ၊ ကျေနပ်ပေါ့၊ ဒါပေမဲ့လို့ သူ့အကြောင်းကို ပြန်ကြည့်ရင် ဘဝတိုင်း ဘဝတိုင်းမှာ သူက ဘုရားနဲ့ တွေ့တိုင်း သူကလိုက်လိုက်ပြီး ဘုရားရှင်ကို၊ ဘုရားရှင်ရဲ့ပါရမီတွေကို အကုန်နှောင့်ယှက်လာခဲ့တဲ့ သူကို။ အခုလည်း ချာန်အဘိညာဉ်တန်ခိုးရတာလောက်နဲ့ မကျေနပ်ဘူးဖြစ်နေပြီ၊ အဂ္ဂသာဝကဖြစ်ချင် နေတယ်။ အဂ္ဂသာဝကရာထူးတွေကို လိုချင်နေပြန်တယ်။

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးတို့လို၊ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်ကြီးတို့လို ဖြစ်ချင်နေတယ်၊ သူက မကျေနပ်ဘူး၊ ဘယ်လောက်ထိများ အဲဒီကိုယ့်ဟာကို ကိုယ်မကျေနပ်၊ သူများဟာကို အတင်းအဓမ္မလိုချင်တဲ့ ဓာတ်ဆိုးက ဘယ်လောက်ဆိုးလိုက်သလဲဆိုရင် သူများဟာကို ကိုယ့်ဟာထင်ပြီးတော့ မထူးပါဘူး၊ ဖြစ်မဲ့ဖြစ် အဂ္ဂသာဝကတင်မကဘူး၊ ငါကိုယ်တိုင် ဘုရားဖြစ်ရမယ်၊ ဘုရားပဲလုပ်မယ် ဖြစ်လာရော။ ကဲ–သူကဘုရားဖြစ်ချင်တော့နော်၊

www.burmeseclassic.com

www.burmeseclassic.com



ဘုရား ရပိုင်ခွင့်က ဘုရားပဲရမှာပေါ့၊ သူက ဘုရားဖြစ်မဲ့ပါရမီ ဖြည့်ခဲ့တာမှ မဟုတ်ဘဲ။

သူက ဘုရားဖြစ်ချင်တယ်ဆိုတဲ့ စိတ်မွေး လိုက်ရော "ငါဘုရား ဖြစ်ချင်တယ်၊ ငါဘုရား လုပ်မယ်"၊ ကဲ–အဲဒီတော့ သူများရပိုင်ခွင့်တွေကို အတင်းအဓမ္မလိုချင်လာတော့ ဘုရားကို ဘယ်လို လုပ်မယ်၊ ကျောက်မောင်းကြီးတွေ ဆင်ပြီးတော့ ဘုရားကို ဘုရားမရှိအောင် စိတ်ကူးလာပြီ ဘယ်လို လုပ်မယ်၊ ဘုရားအသက်တော်ရဲ့ အန္တရာယ် ဖြစ်အောင်လဲ ရန်ရှာလိုက်ရော၊ သူရထားတဲ့ ဈာန်အဘိညာဉ်တန်ခိုးလဲ ပျောက် ကုန်ရော၊ ဘယ်လောက်ကြောက်စရာ ကောင်း သလဲကြည့်။ ဟုတ်လား၊ ကိုယ့်ရပိုင်ခွင့်နဲ့ ကိုယ် မကျေနပ်တာရဲ့အန္တရာယ်တွေပေါ့။ (မှန်လှပါ ဘုရား)။

ကိုယ့်ရပိုင်ခွင့်ကို ကိုယ်မကျေနပ်ဘဲနဲ့ သူများ ရပိုင်ခွင့်ကို အတင်းလိုချင်တဲ့ ပုဂ္ဂိုလ် ဆိုတာ ဒေဝဒတ်တို့လို လူမျိုးဖြစ်ကုန်ရော၊

www.burmeseclassic.com

www.burmeseclassic.com



အဲလိုအဲလို ပြောတော့ နာသလား၊ (မနာပါဘူး)၊ ဟုတ်ပါတယ်၊ သူတို့ကို စိတ်နာအောင် ဘယ်လောက်ဟောဟော၊ ဘယ်လောက်ဟောဟော မနာပါဘူး၊ လိပ်ကျောကြောင်ကော်၊ ပြောင်ချော်ချော်နဲ့၊ ဘယ်လိုပဲ သူတို့ဘဝ သူတို့စိတ်တွေကို နာအောင် ဟောလဲ ဒီလူတွေ နာမဲ့ပုံ မပေါ်ပါဘူး။

ကိုယ့်ရပိုင်ခွင့်တွေကို မကျေနပ်ဘဲနဲ့ သူများရပိုင်ခွင့်တွေကို အတင်းလိုချင်နေရင် ဘယ်သူနဲ့ အမျိုးတော် (ဒေဝဒတ်နဲ့ အမျိုးတော်ပါတယ်ဘုရား)၊ ဒီလိုကြီး ဟောရသလားဆိုပြီး တရားတော်ကို မနာချင်လဲနေ၊ အဲလိုတော့ ပြောခဲ့ရမှာပဲ၊ ဒေဝဒတ်ကြီးက နောက်ဘိတ်ဆုံးကျမှ ငါလဲ ဘုရားလုပ်မယ်ဆိုပြီး ဂိုဏ်းခွဲထောင်တာ၊ ဘုရားကတော့ ဂိုဏ်းထောင်တာ မဟုတ်ပါဘူး။

ဒေဝဒတ်ကြီးက ငါတစ်ဂိုဏ်းခွဲထောင်မယ် ဆိုပြီးတော့ သူ့ပရိသတ်တွေ မလိမ်မိုး

www.burmeseclassic.com

www.burmeseclassic.com



မလိမ္မာ၊ နားမလည်တဲ့သူတွေကို ဟော့ – ဆိုပြီး တော့ မတောင်းသင့်တဲ့ဆု ငါးချက် တောင်း တယ်၊ ရဟန်းတော်တွေကို သက်သတ်လွတ် ပေးစားရမယ်၊ ဘာတွေ၊ ညာတွေပေါ့လေ၊ သက်သတ်လွတ်စားတာတွေဟာ အလိုဆိုးရှိတဲ့ ဒေဝဒတ်ရဲ့ အယူတွေမျိုး ဖြစ်တတ်ကြတယ်။ တခြားအကြောင်းတွေကြောင့် ဒေဝဒတ်က အဲဒီတောင်းဆိုချက်တွေ တောင်းပြီးတော့ သူ့ အဖွဲ့တွေ ခွဲထွက်သွားတယ်။

ဘာပဲပြောပြော၊ သူ့ပရိသတ်နဲ့သူဆိုတော့ လောကမှာ ပညာရှိတဲ့သူရယ်၊ ပညာမဲ့တဲ့သူရယ်၊ ဘယ်သူများတုန်း၊ (ပညာမဲ့တဲ့သူ များပါတယ် ဘုရား)။ ဒါတော့လဲ သိသားပဲ၊ ချဲထိုးတဲ့သူနဲ့ ချဲမထိုးတဲ့သူ ဘယ်သူများတုန်း၊ (ထိုးတဲ့သူများ ပါတယ်ဘုရား)။ ဒါတော့လဲ သိသားပဲ။

ဒေဝဒတ်မှာလဲ သူ့ပရိသတ်တွေနဲ့ သူပေါ့၊ လောကမှာ မိုက်တဲ့ သူများတော့ ဒေဝဒတ် နောက်ကို လိုက်တာပေါ့။ ဒကာ ဒကာမတွေက

www.burmeseclassic.com



လိုက်ကုန်တယ်၊ အဲဒီကျတော့ ဒေဝဒတ်ကျောင်းကြီးက ကြီးနေတာပဲ၊ ကျောင်းကြီးကလဲ ကြီး၊ တံတိုင်းတွေကလဲ ကြီး၊ ဟား–သူ့ကျောင်းကြီးက အများကြီးပဲ၊ ပရိသတ် ခြွေရံသင်းပင်းတွေ အများကြီးလည်းရှိ။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ သာသနာတော်တွင်းက ရဟန်းတော်တစ်ပါးက အဲဒီ ဒေဝဒတ် ကျောင်းမှာရှိတဲ့ ဒေဝဒတ်တပည့်တွေနဲ့ သူငယ်ချင်းတော်ခဲ့ဖူးပါတယ်။ သူတို့သူငယ်ချင်းချင်း ကျောင်းအလည်သွားရင်းနဲ့ ဒေဝဒတ် ကျောင်း ရောက်သွား၊ ဟာ–ကျောင်းကြီးက ကောင်းလိုက်တာ ဟော့၊ ဟာ–နေရာကြီးက ကောင်းလိုက်တာဟော့၊ ဆွမ်းသည်တွေက ပေါလိုက်တာဟော့။ ဒီရဟန်းတော်လေးက သဘောကျနေလိုက်တာ။

ဒကာ ဒကာမတွေ များလိုက်တာဟော့၊ ဆွမ်းဟင်းတွေက ကောင်းလိုက်တာဟော့ ဆိုပြီး သူက သဘောမကျဘူးလား၊ ကျလား (ကျပါ

www.burmeseclassic.com



တယ်ဘုရား)၊ ကျတယ်တဲ့။ အဲဒီသဘောကျစရာ အကြောင်းတွေကို ဒေဝဒတ်ကျောင်းကနေ ပြန်လာပြီးတော့ ဝေဠုဝန်ကျောင်းရောက်တော့ ပြောပြီပေါ့။။ အဲသလို ပြောသံတွေလဲ ကြားရော ဘေးက သံဃာတော်တွေက ကြည့်စမ်း၊ ကြည့်စမ်း၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ တပည့်သာဝက လုပ်ပြီးတော့ ဒေဝဒတ်ကို သဘောကျ၊ ဒေဝဒတ်အယူတွေကို လိုက်ပြီးတော့ ယူနေတယ်လို့ ပြောကြတာပေါ့။

အဲဒီကျတော့မှ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အဲဒီရဟန်းတော်လေးကို 'ငါ့ရှင်၊ သင်ဟာ ဒေဝဒတ်အယူကို သဘောကျပြီးတော့ အဲဒီသွားတာလား'လို့ မေးတယ်၊ ''အရှင်ဘုရား၊ တပည့်တော်က ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အဆုံးအမကိုပဲ နာခံပါတယ်ဘုရား။ ဒေဝဒတ်အယူကို သဘောကျလို့ မဟုတ်ပါဘူးဘုရား'တဲ့၊ တပည့်တော်ရဲ့ သူငယ်ချင်းတွေရှိလို့ သွားတာပါ၊ အဲဒီသူငယ်ချင်းတွေဆီ ရောက်သွား

www.burmeseclassic.com

www.burmeseclassic.com



လေတော့ တပည့်တော်စိတ်ထဲ အမှန်အတိုင်း ပြောရလို့ ရှိရင် ဟာ–အဆောက်အဦးတွေကလဲ ကြီး၊ ဘုန်းကံတွေကလဲ ကြီးမား၊ ပစ္စည်းဥစ္စာတွေ ကလဲ များ၊ ဆွမ်းဟင်း ဆွမ်းထမင်းတွေကလဲ ကောင်းလွန်းတော့ သဘောတော့ ကျမိပါတယ် ဘုရားတဲ့၊ အဲဒါကြောင့်မို့ပဲ တပည့်တော်ရဲ့ စိတ်ဟာ အဲဒီလောက်ကလေးတော့ ဖြစ်မိပါ တယ်ဘုရား၊ တပည့်တော်ရဲ့အယူဝါဒတော့ မပြောင်းပါဘူး။ ဆရာလည်း မပြောင်းလဲပါဘူး ဘုရား'တဲ့။ အဲဒီကျမှ ဘုရားရှင်ကိုယ်တော်မြတ် ကြီးက ဒီတရားဟောပြတာ။

သလာဘံ နာတိမညေယျ၊
နာညေသံ ပိဟယံ စရေ၊
အညေသံ ပိဟယံ ဘိက္ခု၊
သမာဓိ နာဓိဂစ္ဆတိ။

ကိုယ်ရထားတဲ့ ရပိုင်ခွင့်, အခွင့်အရေးနဲ့ ကိုယ်က မကျေနပ်ဘဲနဲ့ သူများချမ်းသာကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီးတော့လည်း အတင်းလိုက် လိုချင် ရချင်နေတယ်ဆိုရင် သည်ရှိသော် ရဟာန်းပဲဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ်၊ ဘယ်သူပဲဖြစ်ဖြစ် စိတ်ဆင်းရဲဒုက္ခတော့ ရောက်နေမှာပါပဲ။ ကိုယ်ရသင့်တဲ့ အခွင့်အရေးကို ကိုယ်ကမကျေနပ်ပဲနဲ့ သူများတွေရထားတဲ့ ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာဆိုတာမျိုးတွေကို အတင်းရချင် အတင်းဖြစ်ချင်လို့တော့ မရဘူးတဲ့။

လောကမှာ ဒါမျိုးတွေ ရှိနေကြပါတယ်၊ တွက်ကြည့်၊ အရှင်ဘုရား၊ တပည့်တော်တို့လည်း အခုအခြေအနေထက် ပိုချမ်းသာချင်ပါတယ် ဘုရား၊ ဒါဆိုရင် ကောင်းပါတယ်၊ ရထားတဲ့ ရပိုင်ခွင့်လည်း ကျေနပ်၊ အခုထက်ချမ်းသာအောင်လည်း ကြိုးစားပေါ့၊ ကောင်းပါတယ်။

အရှင်ဘုရား၊ သူများတကာတွေများ ကြီးပွားနေလိုက်ကြတာ၊ ချမ်းသာလိုက်ကြတာ၊ တပည့်တော်တို့လည်း သူများတွေလို ကြီးပွားချင်ပါတယ်၊ ချမ်းသာချင်ပါတယ်၊ အဲဒါရော

www.burmeseclassic.com

www.burmeseclassic.com



အပြစ်ဖြစ်သလား’လို့ မေးကြည့်စမ်းပါ၊ မဖြစ်ဘူး လို့ပဲ ဖြေလိုက်သလား’လို့ ဖြေလိုက်ပါမယ်၊ သူ များတွေရဲ့ကြီးပွား ချမ်းသာမှုကို အားကျခွင့် ရှိ ပါတယ်။ ကြိုးစားပေါ့။ သူ့ကံ, သူ့ဉာဏ်, သူ့ ဝီရိယကောင်းတွေကြောင့် အကျိုးပေးကောင်း နေတာ၊ ကိုယ်လဲ သူ့လိုဖြစ်အောင် ကံကောင်း, ဉာဏ်ကောင်း၊ ဝီရိယကောင်းအောင် ကြိုးစား စိတ်ပဲဖြစ်ဖို့ အရေးကြီးတာပါ။ ရောင့်ရဲမှုတမှု ရှိရမယ်၊ မနာလို မဖြစ်ရပါဘူး၊ ဒါအဓိကပဲ။

ဒါကို ပေါ့ပေါ့မတွက်နဲ့နော်၊ အရေး ကြီးတယ်၊ ကိုယ်ရထားတဲ့ ရပိုင်ခွင့်က ကိုယ်ရ သင့်သလောက်ရမှာပဲ၊ တကယ်လို့ ပိုက်ဆံ (၁၀) သိန်းဝင်မယ်ဆိုလဲ ချမထိုးလဲ ရမှာပဲတဲ့၊ ကိုင်း- သိန်း (၃၀၀) ပေါက်တယ်လို့ မကြားဘူးလား၊ ကြားလား၊ (ကြားပါတယ်ဘုရား)။

စစ်ကိုင်းက သိန်း (၃၀၀) ထီပေါက်လိုတဲ့၊ ဟိုနေ့က မြို့သစ်ရပ်ကွက်ကပေါ့။ သူ့ဟာ သူ ရမဲ့ဟာဆို ရတာပါပဲ။ ကံဆိုတာ ပြောရဘူး၊

www.burmeseclassic.com

www.burmeseclassic.com



တကယ်ကံကောင်းလို့ ကုသိုလ်များတဲ့ သူများ ကျတော့ ဇောတိကသူဌေးကြီးတို့လိုကျတော့ လေ့နဲ့ ခရီးသွားရင် ရတနာခုနစ်ပါး လိုချင် တယ်ဆိုရင်လေ ရေထဲ လှမ်းပြီး လက်နဲ့ဆယ် လိုက်၊ လက်ထဲ ဘာတွေပါလာလဲ၊ (ရတနာ ခုနစ်ပါး ပါလာပါတယ်ဘုရား)။ အေး–အဲဒါ ကံကပေးတဲ့ ရပိုင်ခွင့်တွေပါပဲ။

အဲသလို စည်းစိမ်ဥစ္စာ ရတနာတွေ အကျိုး ပေးအနေနဲ့ ရပိုင်ခွင့်ဟာ ကုသိုလ်မှတစ်ပါး တခြားမရှိနိုင်၊ အကျိုးပေး ချမ်းသာချင်ရင် ဒါနကုသိုလ်သာ ပြုလိုက်ကြပါကုန်လော့။ ကိုယ် ကျန်းမာချမ်းသာဖို့ ဆိုတာကို ရနိုင်ဖို့ သီလ ကုသိုလ်ကိုသာ ဆောက်တည် လိုက်ကြပါကုန် လော့။ စိတ်ချမ်းသာ ဆိုတာကို ရနိုင်ဖို့ သမထ ကုသိုလ်ကိုသာ ပွားများအားထုတ်လိုက်ကြပါကုန် လော့။ စိတ်ကြည်ချမ်းသာရုံသာမက ဉာဏ် အားကောင်းနိုင်ဖို့ ဝိပဿနာအလုပ်ကိုသာ အား ထုတ်လိုက်ကြပါကုန်လော့။

www.burmeseclassic.com

www.burmeseclassic.com



အခု ရဟန်းတော်လေးကို ပြောလိုက်ပါတယ်။ 'ကိုယ့်ရပိုင်ခွင့်ကို ကိုယ်သိစမ်းပါ'တဲ့၊ 'ကိုယ့်ကံနဲ့ကိုယ်ပေးသလောက်နဲ့ ကိုယ်ကျေနပ်ပါ'တဲ့၊ ပေါ့ပေါ့မတွက်နဲ့။ အိမ်တိုင်းအိမ်တိုင်း လိုက်မေးကြည့်၊ အဖြေထွက်တယ်၊ နင်တို့ဘာလို့ ချဲထိုးရတာလဲလို့ မေးကြည့်စမ်း၊ ချမ်းသာချင်လို့ပဲ ဖြေကြမယ်။ အမလေး နောက်ပြီး သူတို့က ပြောလိုက်သေးတယ်၊ တပည့်တော်တို့က တပည့်တော်တို့အတွက်သာ ချမ်းသာချင်လို့ မဟုတ်ပါဘူးဘုရားတဲ့၊ အရှင်ဘုရားတို့ကိုလည်း လှူချင်လို့ပါတဲ့၊ အရေးထဲ ချဲထိုးတဲ့ ကိစ္စဘုန်းကြီး ဆွဲထည့်နေသေးတယ်၊ ကဲ-ပြောစမ်းပါအုံး။ အဲဒီလို ပြောကြတယ် မဟုတ်လား။

ဒို့ကတော့ ပြောလိုက်တယ်လေ၊ ဒို့ကို မလှူချင်နေ ချဲကိုထိုးတော့မထိုးနဲ့လို့၊ သူတို့ဟာ သူတို့ ထိုးချင်လို့ထိုး ပြီးတော့ ဘုန်းကြီးတွေကို ဆွဲထည့်ကြတာ၊ ရှိတယ်နော်၊ အဲဒီလို လူတွေ ရှိတယ်နော်၊ ဒို့ဘုန်းကြီးတွေ သာသနာ့ဒနိုထမ်း

www.burmeseclassic.com

www.burmeseclassic.com



တွေကို သက်သက်နာမည်မဖျက်နဲ့၊ ကိုယ့်ဟာ ကိုယ်ထိုးချင်လို့ ထိုးပြီး၊ ထိုးတာက ထိုးသဘောပဲ၊ ဒါပေမဲ့ ဘုန်းကြီးဆွဲမထည့်နဲ့၊ ထိုးတာကိုပဲ မထိုးနဲ့လို့ ပြောချင်တာတာပါပဲ။ ဘာလို့လဲ ဆိုရင် ချဲထိုးလို့ ချမ်းသာသွားတယ်ဆိုတာထက် မွဲသွားကြတာပဲ ကြားဘူးလို့။

အို–သူတော်ကောင်းတို့၊ ကုသိုလ်ကိုသာ များများလုပ်လိုက်ကြ ပါကုန်လော့၊ ဒါနကုသိုလ် ဆိုတာ ရှိလို့ လှူရမှာလား၊ မရှိလို့ လှူရမှာလား၊ (ရှိလို့ လှူရမှာပါဘုရား)။ ကဲ–ပြော၊ ဒါနလှူ ကြတယ်၊ လှူကြတယ်ဆိုတာ ရှိတဲ့သူတွေ လှူကြတာလား၊ မရှိတဲ့သူတွေ လှူကြတာလား၊ ဘယ်သူတွေ လှူတာလဲ (ရှိတဲ့သူတွေပါဘုရား)။ ရှိတဲ့သူတွေ ဆိုတာ ဘယ်လိုတုံး၊ တိုက်နဲ့တာနဲ့ စည်းစိမ်ဥစ္စာနဲ့၊ ကားကြီးတွေနဲ့ ဟိန်းနေအောင် ရှိမှရှိတယ် ခေါ်တာလား၊ (မဟုတ်ပါဘူးဘုရား)၊ ဘယ်ဟာကို ခေါ်တာလဲ။ မှတ်ထား။

www.burmeseclassic.com

www.burmeseclassic.com



သဒ္ဓါတရားရှိမှ လှူဖြစ်တာတဲ့၊ စည်းစိမ်ဥစ္စာရှိလို့ လှူတာ မဟုတ်ဘူးတဲ့၊ တကယ်တမ်းလှူချင်တဲ့ သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်တွေကြတော့ ကိုယ့်ရေတွင်းက ရေပင်လျှင် သူများအတွက်သောက်စရာရေဖြစ်တယ် ဟုတ်ရဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။ သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်များကြတော့ မိမိအိမ်က မြေကြီးသည်ပင်လျှင်၊ မိမိအိမ်က ကျောက်ခဲသည်ပင်လျှင် မညီတဲ့လမ်းကိုခင်းပေးဖို့ လှူစရာဖြစ်တော့တာပါပဲ။

တစ်ချို့က 'ရှိမှလှူမယ်၊ ရှိမှလှူမယ်' ဆိုတာ ပစ္စည်းဥစ္စာရှိမှ လှူရတာ မဟုတ်ပါဘူးတဲ့၊ ဘာရှိဖို့ အရေးကြီး၊ (သဒ္ဓါရှိဖို့ အရေးကြီးပါတယ်ဘုရား)။ သဒ္ဓါတရားရှိဖို့ အရေးကြီးတယ်၊ အသိဉာဏ်ရှိဖို့ အရေးကြီးတယ်တဲ့။ ဒါမှ လှူဖြစ်တာပါ။

ပစ္စည်းဥစ္စာတွေ ဘယ်လောက်ပဲရှိရှိ၊ သဒ္ဓါပညာမရှိလို့ အလှူမဖြစ်၊ မလှူဖြစ်ကြတာတွေ တစ်ပုံတစ်ပင်ကြီးပါ။ ပစ္စည်းဥစ္စာ ချမ်းသာတဲ့

www.burmeseclassic.com

www.burmeseclassic.com



အခွင့်အရေးက လှူတဲ့သူတွေကသာ ရပိုင်ခွင့်ရှိတာ။

ဒါကြောင့်မို့ ပေါ့ပေါ့တန်တန် မတွက်ပါနဲ့၊ ကိုယ့်ရပိုင်ခွင့်နဲ့ ကိုယ်ကျေနပ်၊ စိတ်ချမ်းသာတယ်၊ သူများရထားတွေကို သွားပြီးတော့ မလိုချင်နဲ့၊ စိတ်ဆင်းရဲတယ်တဲ့၊ စိတ်ချမ်းသာရင် စိတ်တည်ကြည်ပြီး သမာဓိလဲ ရှိပါပေတယ်၊ တည်ကြည်မှု သမာဓိရှိရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ရပြီပေါ့၊ ဟုတ်လား၊ (မှန်လှပါဘုရား)။

ဒါကြောင့်မို့ ကနေ့ တရားတော်အနေနဲ့ ပြောချင်တာက ကိုယ့်ဟာက (ကိုယ့်ဟာပါဘုရား)။ ဒါတော့လဲ ဟုတ်တာပေါ့၊ ကိုယ့်ဟာကတော့ သူများဟာ ဘယ်ဖြစ်မလဲ၊ သူများဟာကတော့ (သူများဟာပါဘုရား)။ သူများဟာပဲတဲ့။

တစ်လောကလုံးကို ကြည့်သာကြည့်လိုက်ကြပါကုန်လော့။ မြင်မြင်သမျှ အဆင်းတွေကလဲ သူ့ဟာသူပဲ၊ မြင်သိစိတ်ကလဲ သူ့ဟာသူပဲတဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မြင်တာကလဲ ကိုယ့်ဟာကိုယ်ပဲတဲ့၊ ကိုယ့်ဟာကကိုယ့်ဟာ၊ သူ့ဟာက သူ့ဟာလို့ သဘောကျလိုက်ရင်၊ နားလည်လိုက်လို့ရှိရင် လောကကြီးတစ်ခုလုံးက တစ်ကန့်စီတစ်ကန့်စီ 'သူ'လို သတ်မှတ်၊ 'သူ့ဟာ'လို့ သတ်မှတ်တဲ့ သဘောတွေကလည်း 'သူ' 'သူ့ဟာ'၊ 'သူ့ဟာဟာ သူ့တစ်ပါးပဲ'၊ 'ကိုယ်'လို့ သတ်မှတ်၊ 'ကိုယ့်ဟာ'လို့ သတ်မှတ်ထားတဲ့ သဘောတွေကလည်း 'ကိုယ်'၊ ကိုယ့်ဟာ'၊ 'ကိုယ့်ဟာဟာ ကိုယ်ဟာပါပဲ'လို့ သဘောနားလည်လာပါတယ်။ ဒါ့အပြင် အကျိုးပေး ချမ်းသာ ဆင်းရဲ ဆိုတာတွေကလည်း ကိုယ့်ကံနဲ့ကိုယ်၊ ကိုယ့်အကျိုးပေးနဲ့ကိုယ်၊ သူ့ကံနဲ့သူ၊ သူ့အကျိုးပေးနဲ့သူလို့ ဉာဏ်ပညာနဲ့ မမြင်သွားဘူးလား၊ မြင်သွားလား၊ (မြင်သွားပါတယ်ဘုရား)။ BURMESE CLASSIC

အဲဒီလိုသာ သဘောပေါက်ရင် မြေးနဲ့အဘိုးနဲ့လဲ ရန်မဖြစ်တော့ဘူး၊ ဇနီးမောင်နှံချင်းလဲ (ရန်မဖြစ်တော့ပါဘူးဘုရား)။ ခမည်းခမက်

www.burmeseclassic.com

www.burmeseclassic.com



ချင်းလဲ (ရန်မဖြစ်ပါဘူးဘုရား)။ သမီးသားမက်ချင်းလဲ (ရန်မဖြစ်ပါဘူး ဘုရား)၊ အကုန်လုံး ရန်ဆိုတာ မဖြစ်တော့ဘူး။

ဘာဖြစ်လို့လဲဆိုရင် ကိုယ့်ရပိုင်ခွင့်နဲ့ ကိုယ် ကျေနပ်ပြီး ကိုယ့်အိမ်လေးက နေရထိုင်ရတာ ချမ်းသာလို့၊ ကိုယ့်အိမ်မှာ အဲသလို ကိုယ့်ရပိုင်ခွင့်နဲ့ကိုယ် ကျေနပ်သွားကြရင် ဘယ်လောက်များ မိသားစုတွေ ချမ်းသာစရာကောင်းလိုက်မလဲလို့။

အသိအလိမ္မာ ဉာဏ်ပညာ အရေးကြီးပါတယ်၊ သဘောပေါက်ဖို့ အရေးကြီးပါတယ်တဲ့၊ အဲသလို ရပိုင်ခွင့်ကို နားလည်သွားရင် ဒကာကြီးနဲ့ ဒကာမကြီးလဲ ပြဿနာ (မဖြစ်တော့ပါဘူး ဘုရား)။ ကိုယ့်အိမ် ကိုယ့်မိသားစုကလဲ ချမ်းသာ၊ ကိုယ့်ရပ်ကွက်ကလဲ ချမ်းသာ၊ ကိုယ့်နိုင်ငံ၊ ကိုယ့်ကမ္ဘာလဲ ချမ်းသာ၊ ကိုယ်လဲချမ်းသာ၊ စိတ်လဲ ချမ်းသာ၊ ပစ္စည်းဥစ္စာလဲ ချမ်းသာ၊ ကုသိုလ်တွေလဲ ဆထက်ထမ်းပိုး တိုးလို့ ဘယ်လောက်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းလိုက်မလဲလို့ ကုသိုလ်တွေသာ ပြုနေရင် ရပိုင်ခွင့်ကိုသာ သိကြရင် နိုင်ငံလဲပဲ ချမ်းသာ တယ်တဲ့။

ဒါကြောင့်မို့ ကိုယ့်ရပိုင်ခွင့်ကို ကိုယ်သိ၊ ကျေနပ်ပြီးတော့ ကုသိုလ်မှန်သမျှ၊ ကိုယ့်အိမ်မှု ကိစ္စ တာဝန်လုပ်ငန်းမှန်သမျှ၊ စီးပွားရေးလုပ်ငန်း တာဝန်မှန်သမျှကိုတော့ တစ်စက်ကလေးမှ မလျှော့ပဲနဲ့၊ ရလာတဲ့အကျိုးပေး ရပိုင်ခွင့်ကိုတော့ ရတာလေးနဲ့ ကျေနပ်နိုင်ပါစေ။ လုပ်ရမဲ့ အလုပ်တွေကိုတော့ အားရပါးရ ကြိုးကြိုးစားစား ဆောင်ရွက်လို့ စီးပွားလဲ ရှာရင်း၊ ကုသိုလ်လဲ ရှာရင်း ရပိုင်ခွင့်ကို ကျေနပ်၊ အလုပ်ကြိုးစားပါတဲ့။

အဲသလို ကြိုးစားပြီးတော့ သူများရထားတဲ့ ရပိုင်ခွင့်ဟာ ဩော်... သူ့ဟာဟာ သူ့ဟာပဲ၊ သူ့ကံနဲ့သူ လာတာပါလားလို့ သဘောပေါက်ရင် လဲပဲ မနာလို ဣဿာတွေ မရှိတော့ စိတ်ဆင်း ရဲစရာလဲ မရှိတော့ဘူးတဲ့၊ အဲဒီ နှစ်မျိုးက

www.burmeseclassic.com



စိတ်ဆင်းရဲလဲ မဖြစ်ပါဘူး၊ စိတ်ချမ်းသာလဲ ဖြစ်ပါတယ်တဲ့။

ဒါကြောင့်မို့ မိမိတို့တစ်တွေသည် အခု 'ရပိုင်ခွင့်ကို သိစမ်းပါ'ဆိုတဲ့ တရားတော်ကို နာရသဖြင့် တကယ်ကို သဘောပေါက်ပြီးတော့ ကိုယ့်ဟာက ကိုယ်ဟာ၊ သူ့ဟာက သူ့ဟာပဲလို့ နားလည်ပြီးတော့၊ လောကကြီးကို မျက်ဝါးထင်ထင် တကယ့်ကို တရားသဘော အမှန်အတိုင်း သိမြင်နိုင်ကြပြီးတော့၊ လောကီစီးပွားချမ်းသာတွေ တိုးတက်အောင် ဒါနကုသိုလ်တွေလဲ ပြုလို့၊ စီးပွားတွေလဲ သေသေချာချာ ရိုးရိုးသားသား ကြိုးကြိုးစားစား ရှာဖွေနိုင်သဖြင့် စီးပွားဥစ္စာတွေ တိုးတက် ချမ်းသာပြီးတော့ သီလပြု ကျန်းမာ၊ သမထအားထုတ် စိတ်ကြည်ချမ်းသာ၊ ဝိပဿနာအလုပ် ဉာဏ်အားကောင်း ချမ်းသာတွေ ရရှိကြပြီး အချမ်းသာဆုံးဖြစ်တဲ့ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကို

www.burmeseclassic.com



ရရောက်နိုင်ကြတဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေသတည်း။

သာဓု၊ သာဓု၊ သာဓု။

သတိလည်းရှိ၊ ဉာဏ်လည်းရှိ၊
အသိပြည့်စုံကြပါစေ။

ဓမ္မဒူတ အရှင်ဆေကိန္ဒ။

BURMESE CLASSIC

www.burmeseclassic.com